# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ နယုန်လကွယ်နေ့ | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑



ယနေ့ *ဖတ်စရာ*

**ဓမ္မစာပေဖြင့် ငြိမ်းချမ်းမှုကို ရှာဖွေခြင်း** — ဆောင်းပါး — စာ ၆

**ပြည်သူများ၏ အနာဂတ်ဘဝ ပိုမိုကောင်းမွန်ဖို့ . . .** — ဆောင်းပါး — စာ ၁၀

**ဗြိတိန်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ စတင်** — နိုင်ငံတကာသတင်း — စာ ၁၃

**၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ၃၄ ရာခိုင်နှုန်းကျဆင်း** — ပြည်တွင်းသတင်း — စာ ၁၅



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❑ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အဆင့်မြင့် အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှု ရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

**စုပေါင်းဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ – တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ – တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄၃ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းထွဋ်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်

နေပြည်တော် ဇူလိုင် ၄

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့် (၉၂ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်ပေခွဲခန့် (၂၂၄ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့် (၁၈၁ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့် (၁၅၄ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ မြစ်ကြီးနားမြို့၌ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၄

**မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့သဖြင့် မြစ်ကြီးနားမြို့၌ ဇွန် ၃၀ ရက် က စတင်၍ စံချိန်တင်မြစ်ရေကြီးမြင့်မှု ဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများအား ရေဘေးရှောင်စခန်းများဖွင့်လှစ်၍ ကူညီကယ်ဆယ် ထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးနှင့် အားပေးထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။**




ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် နယ်မြေ (၉) အတွင်း ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် မဟာအောင်မြေရွှေဘိုကျောင်းတိုက်သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### အားပေးစကားပြောကြား

ထောက်ပံ့လှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက ရေဘေးသင့်ပြည်သူများအား မြစ်ကြီးနားမြို့တွင် ဇွန် ၃၀ ရက်က စံချိန်တင်မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးသင့်မိသားစုများ၏ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ထောက်ပံ့ပေးအပ်မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေပြန်ကျဆင်းနေပြီဖြစ်သည့်အတွက် မိမိတို့နေအိမ်များ ပြန်လည်နေထိုင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လိုအပ်ချက်များကို မိမိတို့အနေဖြင့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

### ထောက်ပံ့လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဆိုပါရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၈၇ စု၊ လူဦးရေ ၁၀၀၀ ကျော်တို့အတွက် ဆန်အိတ် ၁၀ အိတ်ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး တို့က ခေါက်ဆွဲခြောက်ဖာ ၃၅ ဖာ၊ ငါးသေတ္တာသုံးဖာနှင့် ကုလားပဲ တစ်အိတ်တို့ကို လည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက မိသားစုများအတွက် ထမင်းဘူးများကိုလည်းကောင်း ထောက်ပံ့လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ စခန်းနေအိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက လတ်တလော နေထိုင်စားသောက်ရာတွင် လိုအပ်ချက်များနှင့် အခက်အခဲများ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကာ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရမ်ပူရပ်ကွက် နယ်မြေ (၇) အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

### အားပေးကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဆန်အိတ် ငါးအိတ်၊ ခေါက်ဆွဲခြောက်ဖာ ၂၀၊ ငါးသေတ္တာဖာ နှစ်ဖာနှင့် ကုလားပဲ တစ်အိတ်တို့ကိုလည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးမိသားစုက အလှူအဖြစ် ထမင်းဟင်း တစ်နပ်စာကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး မိသားစုများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို အားပေးကြည့်ရှုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများနှင့်အတူ မြစ်ကြီးနားမြို့ စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပပြုလုပ်သည့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူရှင်များက ငွေကြေးနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက မြစ်ကြီးနားမြို့ စံချိန်တင်မြစ်ရေကြီးမြင့်ခဲ့သည့် ဖြစ်စဉ်အပေါ် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများက စည်းစည်းလုံးလုံးဖြင့် အတူတကွ ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်နေကြသည့်အတွက် ထိခိုက်မှုမရှိအောင် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးဖြစ်ပေါ်ပြီး နောက်ဆက်တွဲ ဖြစ်ရပ်/ဖြစ်စဉ်များဖြစ်သည့် ကျန်းမာရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိန်းချုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးသင့်ပြည်သူများအတွက် မြစ်ကြီးနား ယူနန်ဘုံကျောင်းနှင့် ထိန်ချုံးဟုန်ရှင်ကုမ္ပဏီတို့က ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံ ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀၊ ဆန်အိတ် ၄၀၀၊ ဆီ ၁၀ ပိဿာဘူး ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၃၀၀ နှင့် ရေသန့်ဘူးများကို လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်၍ မြစ်ကြီးနားယူနန်ဘုံကျောင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းမိသားစုဝင်သားသမီးများ၊ ဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းမိသားစုဝင်သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့်ဗလာစာအုပ်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းကို တန်ဖိုးထားနားလည်ပြီး မိမိတို့၏အနာဂတ်တောက်ပနိုင်စေရန်အတွက် အသိပညာများ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြိုးစားသွားကြရန်လိုအပ်ကြောင်း၊ “Knowledge is Power” ဆိုသည့်အတိုင်း အသိပညာ၊ ဗဟုသုတနှင့် အတွေးအခေါ်ကောင်းများရရှိစေရန် ကျောင်းသင်ခန်းစာများအပြင် သုတ၊ ရသအစုံ စာပေများကိုဖတ်ရှုလေ့လာပြီး ပညာနှင့် အတွေးအခေါ်ကောင်းများပေါင်းစပ်၍ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့်နိုင်ငံသားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန်




တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို လည်းကောင်း၊ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်းကိုလည်းကောင်း၊ ရာနှုန်းပြည့်အောင်မြင်ခဲ့သည့် အထူးဆုရလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း နှစ်ကျောင်းနှင့် အောင်ချက် ၈၀ ရာခိုင်နှုန်းအထက် အောင်မြင်ခဲ့သည့် အထူးဆုရကျောင်း နှစ်ကျောင်းကိုလည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူ လေးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကို လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ်က နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့ကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ရှင်းပိုင်ဟိန်းက ထူးချွန်ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆုရကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်ထောင်စုဝန်ကြီးက လူငယ်ဖွံ့ဖြိုးရေးသင်တန်းများမှ ကျောင်းအုပ်များနှင့် ဆုရကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်း သားသမီး ၁၅၇၉ ဦးတို့အတွက် အတန်းလိုက်ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၇ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၆၄ ဦးတို့အား ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၇၆ ရာခိုင်နှုန်းဖြင့် ပထမဆုရ ပင်းတယလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၆၈ ရာခိုင်နှုန်းဖြင့် ဒုတိယဆုရ လွိုင်ကော်လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၅၉ ရာခိုင်နှုန်းဖြင့် တတိယဆုရ ပင်လောင်းလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၁၀၀ ရာခိုင်နှုန်းဖြင့် အထူးဆုရ ပလက်ဝနှင့် ကြာအင်းဆိပ်ကြီး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ အောင်ချက် ၈၉ ရာခိုင်နှုန်းဖြင့် အထူးဆုရ ပူတာအို လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၈၈ ရာခိုင်နှုန်းဖြင့် အထူးဆုရ တီးတိန် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မြင်းစီးအားကစားကွင်းပွဲကြည့်စင် ဘယ်ဘက်ခြမ်းရှိ မြေကွက်လပ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားနပ်ရိက္ခာဖူလုံရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်၊ သစ်တောများသည် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ သစ်ပင်၊ သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့်တားဆီးကာကွယ်ရေးဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနများမှ တာဝန်ရှိသူများထံ ပျိုးပင်များ လွှဲပြောင်းပေးအပ်ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်၍ ပျိုးပင်များ စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**



၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကော်မရှင်အနေဖြင့် ရတနာတန်းဝင်ကျွန်းပင်နှင့် မန်ကျည်းပင် စုစုပေါင်းပျိုးပင် ၄၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ



**မြဝတီ ဇူလိုင် ၄**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါပြိုင်ပွဲကို မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်သီရိစုမွန်ထွန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အမှတ်ပေးဒိုင်အဖွဲ့ ဆရာ ဆရာမများက ပြိုင်ပွဲစည်းကမ်းများ ဖတ်ကြားပေးပြီး ပြိုင်ပွဲကိုစတင်ခဲ့ရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် “အာဇာနည်နေ့နှင့် သမိုင်းပေးတာဝန်” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးနှင့် ကဗျာပြိုင်ပွဲတွင် “တုနှိုင်းမမီ အာဇာနည်” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦးကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် “အာဇာနည်နေ့ တို့မမေ့” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၄ ဦးနှင့် ကဗျာပြိုင်ပွဲတွင် “မျက်ရည်မိုးဝေတဲ့ ဇူလိုင် (၁၉)” ခေါင်းစဉ်ဖြင့် ကျောင်းသူ ကိုးဦးကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများကို မြို့နယ်ပညာရေး စုံညီပွဲတော်တွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ဓမ္မစာပေဖြင့် ငြိမ်းချမ်းမှုကို ရှာဖွေခြင်း

*စာဖတ်ပရိသတ်တစ်ဦး*

“ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်နဲ့ ညီတော် အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း စာအုပ်ပြန်ဖတ်ချင်လို့ ခဏငှားပါဦး၊ ဦးလေး”

တစ်နေ့က တူမလေးက သူငယ်စဉ်က ကျွန်တော့်ထံမှ ဖတ်ခဲ့ဖူးသော ဓမ္မစာပေနှစ်အုပ်ကို ပြန်ဖတ်လိုသော အာသီသဖြင့် ငှားရမ်းလာပါသည်။

“အေး၊ အေး၊ နောက်နေ့ယူလာခဲ့မယ်”

နောက်တစ်နေ့မှာတော့ သူဖတ်လိုသည့် စာအုပ်များအပြင် ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင်၏ “ဓမ္မဒူတ”စာအုပ်ကိုပါ ယူဆောင်၍ သွားပေးခဲ့ပါသည်။

ဓမ္မစာအုပ်များကိုပေးရင်း မပြောမဖြစ် ပြောရမည့် အမှာစကားကိုလည်း ပြောရသေးသည်။

“အေးအေးဆေးဆေးဖတ်၊ ရိုရိုသေသေဖတ်နော်။ ဖတ်လက်စ စာမျက်နှာက စာရွက်တွေကို ခေါက်ပြီးမမှတ်နဲ့။ စက္ကူစာရွက် ဒါမှမဟုတ် ကတ်ထူဖလက်နဲ့ ထိုးပြီးမှတ်နော်။ လက်ရှိစာအုပ်ဈေးနှုန်းတွေအရ ပြန်ဝယ်ဖတ်ဖို့ မလွယ်ဘူး။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်က အခုဆို ၁၇၀၀၀ ကျော်၊ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်းက တစ်တွဲကို တစ်သောင်းခွဲ၊ နှစ်တွဲဆိုတော့ သုံးသောင်းဖြစ်နေပြီ”

**စိတ်အပန်းဖြေစရာသည်ကား**
**စာအုပ်စာပေ ဖတ်ရှုခြင်းပင်ဖြစ်**

ကျွန်တော်တို့ငယ်စဉ်ကမူ ကိုယ်ဖတ်ချင်သည့် စာအုပ်များကို ရပ်ကွက်စာအုပ် အငှားဆိုင်များတွင် ရက်ခပေး၍ လွယ်လင့်တကူ ဖတ်ရှုနိုင်ပါသည်။ ယခုခေတ်လို လက်ကိုင်ဖုန်းမရှိ၊ ရုပ်မြင်သံကြားစက်သည်ပင်လျှင် အိမ်တိုင်းမရှိသည့်ခေတ်တွင် ကျွန်တော်တို့မျိုးဆက်အတွက် တစ်ခုတည်းသော စိတ်အပန်းဖြေစရာသည်ကား စာအုပ်စာပေဖတ်ရှုခြင်းပင် ဖြစ်လေသည်။

မိဘနှစ်ပါးကလည်း ရှေးလူကြီးများပီပီ ဘာသာတရားကိုင်းရှိုင်းသူများဖြစ်၍ ဇာတ်ကြီးဆယ်ဘွဲ့မှ မိုးကုတ်ဆရာတော်ကြီး၏ သစ္စာလေးပါး အဆုံး ဓမ္မစာပေများကို ကိုယ်ပိုင်ဝယ်ယူဖတ်ရှုလေ့လာခဲ့ကြပါသည်။ မိဘများ၏ကျေးဇူးကြောင့်ပင်ကျွန်တော်တို့ညီအစ်ကိုမောင်နှမများသည်လည်း ကလေးဘဝမှာပင် ဓမ္မစာပေများဖြင့် ထိတွေ့ရင်းနှီးကျွမ်းဝင်လာခဲ့ကြပါသည်။

ငယ်စဉ်က တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေဟု အတိုကောက်မှတ်သားထားသော ဇာတ်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတ်တော်တို့ကို အကြိမ်ကြိမ်အထပ်ထပ်ဖတ်ရှုခဲ့သလို လူငယ်ဘဝရောက်တော့လည်း ဆရာနန္ဒာသိန်းဇံ၏ “ဖြေဆယ်ရာ”၊ “မှန်သောစကားကို ဆိုခြင်းနှင့် ပတ်သက်သောမှတ်ချက်များ”၊ “ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း”၊ “မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း”၊ ဆရာကြီး ဌွေဥဒေါင်း၏ “ဗုဒ္ဓစာပန်းချီ”၊ ဆရာကြီးမင်းသူရိန်၏ “တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ”၊ ဓမ္မာစရိယဦးဌေးလှိုင်၏ “ရတနာသုံးပါး ကျေးဇူး” စသည် စသည်များ။

ယခုအသက်အရွယ်ရလာတော့ နယ်ခြားတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ “ချမ်းမြေ့စွာဘဝနေနည်း”၊ မိုးကုတ်ဆရာတော်ကြီး၏ “ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါးတရားတော်”၊ မဟာစည်ဆရာတော်ကြီး၏ ဓမ္မစကြာတရားတော်၊ ပုရာဘေဒသုတ်တရားတော်၊ ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ “ပဋ္ဌာန်းမြတ်ဒေသနာ”၊ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း” စသည် စသည်ဖြင့် ဖတ်ရှုလေ့လာဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ ဓမ္မစာပေများကို ဖတ်ရှုခြင်းဖြင့် ဘဝတစ်လျှောက်လုံး ဓမ္မအသိဖြင့် အကျိုးရှိရှိနေထိုင်နိုင်မည်ဖြစ်သကဲ့သို့ ကိုးကွယ်မှု၏ အဓိပ္ပာယ်၊ မကိုးကွယ်ရာနှင့် ကိုးကွယ်ရာ၊ ကိုးကွယ်မှား အပြစ်နှင့် ကိုးကွယ်မှန်အကျိုး၊ ကိုးကွယ်ရာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် အနန္တော အနန္တငါးပါး၊ သရဏဂုံသုံးပါး ခံယူဆောက်တည်ခြင်းနှင့် ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူခြင်း၊ ဗုဒ္ဓဘာသာ တစ်ယောက် ယုံကြည်လက်ခံရမည့်အချက်များ၊ ဗုဒ္ဓဘာသာတစ်ယောက် ရှောင်ကြဉ်ရမည့်အချက်များ၊ ဗုဒ္ဓဘာသာတစ်ဦး၏ တစ်နေ့တာလုပ်ငန်းများ စသည်တို့ကို အခြေခံကျကျ မှတ်သားသိရှိနိုင်ပေသည်။

အရှင်သီလခန္ဓာက Is Buddhism A Religion? ဟူသည့်ဆောင်းပါးတွင် “ဗုဒ္ဓဝါဒသည် အရင်းခံအားဖြင့် ပညာရေး Education ဖြစ်တော့သည်။ Free-dom of mind စိတ်၏လွတ်မြောက်မှု (လောဘ ဒေါသ မောဟ ကိလေသတို့မှ ကင်းလွတ်ရေး)ကို ဖြစ်စေသော ပညာရေး၊ သီလကျင့်ဝတ်သန့်ရှင်းစေသော ပညာရေး၊ ဉာဏ်လေ့ကျင့်မှုရှိသော ပညာရေးဖြစ်သည်။ ဗုဒ္ဓဝါဒသည် သိပ္ပံနည်းကျသော ပညာရေးဖြစ်သည်”ဟု ဆိုသည်။

> ❖ **ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ ဓမ္မစာပေများကို ဖတ်ရှုခြင်းဖြင့် ဘဝတစ်လျှောက်လုံး ဓမ္မအသိဖြင့် အကျိုးရှိရှိနေထိုင်နိုင်မည်ဖြစ်သကဲ့သို့ ကိုးကွယ်မှု၏ အဓိပ္ပာယ်၊ မကိုးကွယ်ရာနှင့် ကိုးကွယ်ရာ၊ ကိုးကွယ်မှားအပြစ်နှင့် ကိုးကွယ်မှန်အကျိုး၊ ကိုးကွယ်ရာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် အနန္တောအနန္တငါးပါး၊ သရဏဂုံသုံးပါး ခံယူဆောက်တည်ခြင်းနှင့် ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူခြင်း၊ ဗုဒ္ဓဘာသာတစ်ယောက် ယုံကြည်လက်ခံရမည့်အချက်များ၊ ဗုဒ္ဓဘာသာတစ်ယောက် ရှောင်ကြဉ်ရမည့်အချက်များ၊ ဗုဒ္ဓဘာသာတစ်ဦး၏ တစ်နေ့တာလုပ်ငန်းများ စသည်တို့ကို အခြေခံကျကျ မှတ်သားသိရှိနိုင်**

ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသူတိုင်းသည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုး၊ အကြောင်းအကျိုးဆက်သွယ်ဖြစ်မှု (ပဋိစ္စသမုပ္ပါဒ်)နှင့် အတိတ်ဘဝ၊ အနာဂတ်ဘဝတို့ကို ယုံကြည်လက်ခံပါမှ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်နိုင်ပေသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် –

၁။ အလှူဒါနပြုလျှင် ကောင်းကျိုးကို ခံစားရ၏ဟု ယုံကြည်ခြင်း၊
၂။ ပူဇော်မှု၏အကျိုးရှိကြောင်း ယုံကြည်ခြင်း၊
၃။ လက်ဆောင်ပေးကမ်းပူဇော်မှု (ပဟေဏက သက္ကာရ)၏ အကျိုးရှိကြောင်း ယုံကြည်ခြင်း၊
၄။ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ကောင်းကျိုး၊ ဆိုးကျိုး, အကျိုးရင်း အကျိုးဆက်ရှိကြောင်း ယုံကြည်ခြင်း၊
၅။ မိခင်အပေါ် ပြုစုလုပ်ကျွေးခြင်း၏ ကောင်းကျိုးနှင့် ပြစ်မှားခြင်း၏ ဆိုးကျိုးရှိကြောင်း ယုံကြည်ခြင်း၊
၆။ ဖခင်အပေါ် ပြုစုလုပ်ကျွေးခြင်း၏ ကောင်းကျိုးနှင့် ပြစ်မှားခြင်း၏ ဆိုးကျိုးရှိကြောင်း ယုံကြည်ခြင်း၊
၇။ လူတို့မမြင်နိုင်သည့် ငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာဟူသော (ဩပပါတိက) သတ္တဝါတို့ရှိကြောင်း ယုံကြည်ခြင်း၊
၈။ ဤမျက်မှောက်လောက ရှိကြောင်း ယုံကြည်ခြင်း၊
၉။ သေပြီး နောက်ဘဝ တမလွန်လောက ရှိကြောင်း ယုံကြည်ခြင်း၊
၁၀။ ဤလောက၌ ငြိမ်သက်ကောင်းမွန်စွာ ကျင့်ကြသော သမဏ၊ ဗြဟ္မဏတို့ ရှိကြကြောင်း၊ ယင်းတို့က ဤလောက, တမလွန်လောကကို ကိုယ်တိုင်သိမြင်၍ လူအများကို ပြန်လည်ဟောကြားကြကြောင်း ယုံကြည်ခြင်းဟူသည့် အမြင်မှန်ဆယ်ချက် (ဒသဝတ္ထုက သမ္မာဒိဋ္ဌိ)ကိုလည်း လက်ခံယုံကြည်ရပေဦးမည်။

ထို့အတူ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် အပ်နှင်းခြင်း၊ ကိုးကွယ်လဲလျောင်းရာအဖြစ် လုံးဝအားထားခြင်း၊ တပည့်အဖြစ်ခံယူခြင်း၊ ဝပ်တွားခယ၍ အလွန်ရိုသေခြင်းဟူသည့် လောကီသရဏဂုံ ဆောက်တည်ထားသော ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ရတနာသုံးပါးတစ်ပါးသောပုဂ္ဂိုလ်တို့၌ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးမြတ်မှုကို ရည်မှန်းလျက် ဖော်ပြပါ လောကီသရဏဂုံ ဆောက်တည်ပုံလေးမျိုးကို ပြုလုပ်လျှင်သော်လည်းကောင်း၊ သရဏဂုံဆောက်တည်ထားသူ သေဆုံးလျှင်သော်လည်းကောင်း သရဏဂုံလုံးဝပျက်စီးကြောင်း လေ့လာသိရှိနိုင်ပေသည်။

အယူဝါဒအရလည်း လောက၌ ဖန်ဆင်းရှင်ရှိ၏ဟူသည့် “ဖန်ဆင်းရှင် (ဣဿရနိမ္မာန) ဝါဒ”၊ လောက၌ ကုသိုလ်ကံ, အကုသိုလ်ကံဟူ၍မရှိ။ ကောင်းမှုကိုပြုသော်လည်း ကောင်းမှုကုသိုလ်မမည်။ မကောင်းမှုကိုပြုသော်လည်း မကောင်းမှုအကုသိုလ်မမည်ဟူသောအကြောင်းကံကိုပယ်သည့် “အကိရိယဒိဋ္ဌိ”၊ တစ်ဖန် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြုလုပ်သော်လည်း မည်သည့်ကောင်းကျိုး၊ မကောင်းကျိုးကိုမျှ မခံစားရဟူသော အကျိုး (ဝိပါက) ကိုပယ်သည့် “နတ္ထိကဒိဋ္ဌိ”၊ ကုသိုလ်ကံ, အကုသိုလ်ကံဟူ၍လည်းမရှိ၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးဟူ၍လည်း မရှိဟူသောအကြောင်း, အကျိုးနှစ်မျိုးစလုံးကို ပယ်သည့် “အဟေတုကဒိဋ္ဌိ” စသည့် အယူမှား(မိစ္ဆာဒိဋ္ဌိ) တစ်မျိုးမျိုးကို လက်ခံယုံကြည်လိုက်လျှင်မူ ဗုဒ္ဓဘာသာဝင်အဖြစ် ပျက်စီးရုံမက မူလကရှိနေသော အယူမှန်ဝါဒ(သမ္မာဒိဋ္ဌိ) ပျက်စီးကြောင်း လေ့လာမှတ်သားနိုင်ပေသည်။

**ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်**

ထို့ပြင် ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် ဗုဒ္ဓဘုရားရှင်နှင့် သူတော်စင်တို့ မနှစ်သက်အပ်၊ ပယ်အပ်သော “သက်သတ်, ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ၊ လှည့်စား, ရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေ့ခြင်း၊ ပြိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါးဝစီကံ၊ သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကျေ၊ ပျက်စေလိုငြား၊ အယူမှား၊ သုံးပါး မနောကံ”ဟူသည့် ဒုစရိုက်ဆယ်ပါးကိုလည်း ရှောင်ကြဉ်ရမည့်အချက်များအဖြစ် လေ့လာမှတ်သားနိုင်ပေသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာလုပ်ငန်းဖြစ်သော အရုဏ်ဦးအချိန်ကာလမှ အစပြု၍ မေတ္တာဖြင့် နိုးထခြင်း၊ သီလခံယူခြင်း၊ ဘုရားရှိခိုးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခြင်း၊ တစ်နေ့တာကုန်ဆုံး၍ ညအိပ်ရာဝင်ချိန်တွင်လည်း အရုဏ်ဦးကာလကဲ့သို့ပင် သီလခံယူခြင်း၊ ဘုရားရှိခိုးခြင်း စသောကုသိုလ်ကောင်းမှုတို့ ပြုလုပ်ခြင်းများကိုလည်း သိရှိရ၍ လိုက်နာကျင့်သုံးနိုင်ပေသည်။

ထို့အတူ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် မိမိတို့အိမ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဘုရားစင်နှင့် ကိုးကွယ်ထားခြင်းဖြင့် –

၁။ ဘုရားစင်ရှိသည့်အတွက် ဘုရားကို မြင်နေရခြင်း၊ ဘုရားဝေယျာဝစ္စပြုနေရခြင်း၊ ဘုရားကို ကိုင်းညွတ်သည့်စိတ်ဖြင့် မမေ့ခြင်းနှင့် ဘုရားတရားနှင့် ကင်းကွာမနေခြင်း၊
၂။ မြတ်စွာဘုရားကို ဖူးတွေ့ရခြင်းဖြင့် ဗုဒ္ဓဘာသာအပေါ် ပို၍ယုံကြည်မှုလေးနက်လာခြင်း၊
၃။ အိမ်တွင်ဘုရားစင်ရှိလျှင် စနစ်တကျကိုးကွယ်မှုပြုလုပ်ခြင်းဖြင့် သတိမြဲခြင်းနှင့် ပညာဉာဏ်ထက်မြက်ခြင်း၊
၄။ ကုသိုလ်တရားများ တိုးပွားလာခြင်း၊
၅။ စိတ်ညစ်ညူးမှုရှိလာလျှင် ဘုရားစင် ဘုရားရှေ့တော်သို့သွားပြီး ဘုရားပန်းလဲခြင်း၊ မြတ်စွာဘုရားကို အသေအချာကြည့်အာရုံပြုလိုက်ခြင်းဖြင့် ပပျောက်လာခြင်း၊ အမှားအယွင်းများ မပြုလုပ်မိတော့ဘဲ ရပ်တန်းကရပ်ပြီး စိတ်ကြည်နူးမှု ချက်ချင်းရရှိလာခြင်း၊
၆။ အိမ်တွင်ဘုရားစင်ရှိသဖြင့် နာနာဘာဝဝိနာဘာဝများ၏ အနှောင့်အယှက်များမှ ကင်းပြီး မကြောက်မရွံ့နေနိုင်ခြင်း၊
၇။ ဆင်းရဲဒုက္ခကို သည်းခံလာနိုင်ခြင်း၊
၈။ ဘုရားစင်ကို ပိုးမှင်၊ ဖုန်များကင်းစင်အောင် လှည်းကျင်းသုတ်သင်ပြီး ကျကျနနထားလျှင် အိမ်ကျက်သရေ၊ လူ့ကျက်သရေတက်ပြီး ဂုဏ်သိက္ခာများ တက်ခြင်း၊
၉။ ဘုရားစင်ရှိသဖြင့် မြတ်စွာဘုရားနှင့်အတူ ပေါင်းသင်းနေရသကဲ့သို့ဖြစ်ပြီး သူတစ်ပါး၏ ချီးမြှောက်ပူဇော်မှုကို ခံယူရရှိနိုင်ခြင်းဟူသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း လေ့လာသိရှိနိုင်ပေသည်။

**ဘုရားရဲ့တရားတော်တွေကို လိုက်နာကျင့်သုံး**

ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသကလည်း “အစွမ်းတန်ခိုးများနဲ့ သာသနာဆိုတဲ့စကားမှာ တကယ့်အစွမ်းတန်ခိုးဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမတရားတော်တွေကို ကိုယ်တိုင်သိရှိအောင် လေ့လာခြင်း၊ ဖတ်ရှုခြင်း၊ ကျင့်သုံးခြင်း၊ နာယူခြင်းကသာလျှင် တကယ့်အစွမ်းတန်ခိုး၊ တန်ခိုးပါဝါ၊ တကယ်ကြီးမားတဲ့အစွမ်းတန်ခိုး၊ နိဗ္ဗာန်ထိအောင် မျက်မှောက်ပြုနိုင်တဲ့အစွမ်းရှိတဲ့ တန်ခိုးအစစ်ဖြစ်တယ်ဆိုတာ ကေဝဋ္ဋသုတ်အရဆုံးဖြတ်ချက်ချပြီး ဘုရားရဲ့တရားတော်တွေကို သိရှိအောင် လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း”ဟူ၍ “အစွမ်းတန်ခိုးများနှင့် သာသနာ”တရားတော်တွင် ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူခဲ့ပါသည်။

သို့ဖြစ်ရကား မိရိုးဖလာဗုဒ္ဓဘာသာဝင်အဆင့်မှ ဗုဒ္ဓဘာသာကောင်းတစ်ယောက်အဖြစ်သို့ ရောက်ရှိရေး၊ “မသေပျက်ခင်၊ တဏှာစင်၍၊ ရှေးတွင်မမှီ၊ နောက်ဆီမမျှော်၊ မခေါ်ဝေါ်ရ၊ လယ်ဌာန၊ သန္တပုဂ္ဂိုလ်မည်”ဟူသည့် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားအပ်သော ပုရာဘေဒသုတ်တရားတော်လာအတိုင်း အမှန်တကယ် ငြိမ်းအေးချမ်းသာသော ဥပသန္တပုဂ္ဂိုလ်အဆင့်အထိ တက်လှမ်းနိုင်ရေးတို့အတွက် မြတ်စွာဘုရားရှင်၏ အဆုံးအမ ဓမ္မစာပေများကို လေ့လာဖတ်ရှုကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကျမ်းကိုး–**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ “ဗုဒ္ဓဘာသာကောင်းတစ်ယောက်”**

# ကချင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းက လှူဒါန်းငွေပေးအပ်



နေပြည်တော် ဇူလိုင် ၄

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းက ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကချင်ပြည်နယ် ရေကြီးရေလျှံမှုတွင် စီမံခန့်ခွဲဆောင်ရွက်နေမှုများကို ပြောကြားကာ လှူဒါန်းငွေကျပ်သိန်း ၃၀ ကို လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

အလားတူ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ငါးသောင်းခုနစ်ထောင့်ငါးရာ ၁၇၅၀၀ ပေးပို့လှူဒါန်းမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့်ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ထောက်ပံ့သော တာပေါ်လင်လိပ်များ၊ အဝတ်အထည်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများကို ဇူလိုင် ၃ရက်တွင် တပ်မတော်လေယာဉ်ဖြင့် ကချင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ပေးပို့ထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း မကွေးတိုင်းဒေသကြီးအတွင်း မြေပဲ၊ နှမ်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇူလိုင် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းသည် ယနေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးချိုအုပ်စုရှိ တောင်သူများနှင့်တွေ့ဆုံ၍ မြေပဲ၊ နှမ်း၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်ရေးဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများအကြား စဉ်ဆက်မပြတ် ထိတွေ့မှုရှိစေရေးအတွက် အီလက်ထရောနစ် ဆက်သွယ်မှုနည်းပညာအပါအဝင် သင့်တော်သည့်နည်းလမ်းများကို အသုံးပြုပြီး တောင်သူအခက်အခဲနှင့် လိုအပ်ချက်ကို သိရှိကူညီဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းပေးကြရန်လိုကြောင်း၊ စိုက်ပျိုးမြေများအားလုံး ကွက်ပြည့်စိုက်ပျိုးနိုင်ရေးနှင့် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရေး ထိန်းကျောင်းကြပ်မတ်ရန် လိုအပ်ကြောင်း၊ အခြေအနေပေးသည့်ဒေသများတွင် မြေလပ်မထားဘဲ သင့်တော်သည့် သီးနှံပုံစံဖြင့် တစ်နှစ်ပတ်လုံး အောင်အောင်မြင်မြင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းကူညီအားပေးကြရန် လိုအပ်သကဲ့သို့ တစ်ဧကတွင်ဝင်ဆံ့သည့် အပင်ဦးရေအပြည့် စိုက်ပျိုးနိုင်ရေး အပါအဝင် ပန်းတိုင်အထွက်ရရှိရေး၊ သီးနှံစိုက်ဧကနှင့် အထွက်နှုန်းဆိုင်ရာ အချက်အလက်ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်စေရေးတို့ကို အလေးဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ကြံစို့ကျေးရွာ ကွင်းအမှတ် (၂၀၀၇) ရှိ တောင်သူ ဦးအောင်မောင်း၏ စိုက်ကွင်းတွင် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ အထူးဇုန် (မိုးနှမ်း) စိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နှမ်းသီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုနိုင်ရေးနှင့် နှမ်းစိုက်နည်းစနစ်ဆိုင်ရာများ အသိပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ၌ ဝါစိုက်ခင်းများ ရေရရှိရေးဆောင်ရွက်



နေပြည်တော် ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကတင်ကျေးရွာရှိ လင်းလင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ ဝါစိုက်အသင်းသား တောင်သူများ၏ စိုက်ဧက ၂၁၀ စိုက်ပျိုးရေရရှိရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တွင်းတိမ် ခုနစ်တွင်း တူးဖော်ဆောင်ရွက်ပေးခဲ့ရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်တွင် အဆိုပါနေရာကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကတင်ကျေးရွာ ကုန်ထုတ်လမ်း ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်းမှ စိုက်ဧက ၂၁၁ ဧကတွင် ရွှေတောင် - ၁၀ ဝါမျိုးများ စိုက်ပျိုးနေသောအသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ဝါအထွက်နှုန်း တိုးရေးနှင့် အဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရေး မှာကြားကာ ရမည်းသင်းမြို့နယ် နွားပွဲဈေးသို့ သွားရောက်၍ ဒေသနွား မွေးမြူထားရှိမှု၊ ရောင်းဝယ်ဖောက်ကားနေမှုများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အင်ကြင်းကန် - အုတ်ဖို - ကြံပင် - ထန်းတောကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် သမဝါယမအသင်းစုချုပ်သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော နွေစပါး၊ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်း၊ ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုကုန်ကြမ်း သီးနှံဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားသည်။

**သတင်းစဉ်**



(၁၀၂) နှစ်မြောက် "အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့"ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၂ ရက်က မလှိုင်မြို့နယ် ကံတွင်းကျေးရွာအုပ်စု ဦးတောဘုန်းတော်ကြီးကျောင်းတိုက်၌ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးဇော်လင်းကိုနှင့် ဝန်ထမ်းများ အရိပ်ရသစ်ပင် ၁၀၀ စုပေါင်းစိုက်ပျိုးစဉ်။

မြထွန်း(မလှိုင်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့တွင် ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ် (၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် 2nd International Youth Nuclear Forum သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ရင်တွင်းစကားသံများ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့ရှိ ကမ္ဘာ့ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံ နှစ် (၇၀) ပြည့်အထိမ်းအမှတ်အဖြစ် 2nd International Youth Nuclear Forum ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့တွင် နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) က ကြီးမှူးကျင်းပခဲ့သည်။ အဆိုပါ ဖိုရမ်သည် နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် နျူကလီးယား ပညာရေးနယ်ပယ်တွင် ကျွမ်းကျင်သူများ၊ ကျောင်းသားများ၊ သိပ္ပံပညာရှင်များနှင့် လူငယ်ပညာရှင်များ အတူတကွ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပလက်ဖောင်းလည်းဖြစ်သည်။ ဖိုရမ်သို့ နိုင်ငံပေါင်း (၇၅) နိုင်ငံမှ ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အဆိုပါ ဖိုရမ်သို့ တက်ရောက်လေ့လာ ဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံများ၊ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရပါသည် -



ဒေါက်တာသိင်္ဂီမောင်မောင်



ဒေါ်နန်းဇင်သီရိနောင်



မောင်ထက်လျှံဘုန်းနိုင်



မခြူးအိမ်စည်



မဝတ်ရည်ပပဝင်း



မဟန်နဒီထွန်း

**ဒေါက်တာသိင်္ဂီမောင်မောင်**
**ညွှန်ကြားရေးမှူးချုပ်**
**အဏုမြူစွမ်းအင်ဦးစီးဌာန**
**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

ရုရှားနိုင်ငံ Obninsk မြို့မှာ ကျင်းပတဲ့ 2nd International Youth Nuclear Forum ဖြစ်တဲ့ Obninsk Nuclear Education Week (NEW) 2024 ကို ROSATOM က ဖိတ်ကြားလို့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ Obninsk မြို့က ရုရှားနိုင်ငံရဲ့ နျူကလီးယားသမိုင်းဝင်မြို့ ဖြစ်ပါတယ်။ ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ၁၉၅၄ ခုနှစ်မှာ စတင်လည်ပတ်ခဲ့တဲ့အတွက် အခုနှစ် (၇၀) ပြည့်အခမ်းအနားကို ကျင်းပတာကိုလည်း တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီဖိုရမ်မှာ နျူကလီးယားကို စတင်လေ့လာနေတဲ့ မျိုးဆက်သစ်တွေအတွက် နျူကလီးယား ဘာသာရပ်နယ်ပယ်က အတွေ့အကြုံရှိ ပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရတဲ့အတွက် အလွန်တန်ဖိုးရှိပါတယ်။ ဒီဖိုရမ်ကျင်းပစဉ်အတွင်း Nuclear Education ဆိုင်ရာ အခြားဆက်စပ်အစည်းအဝေးတွေလည်း တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရဲ့ တက္ကသိုလ်တွေမှာ နျူကလီးယားနည်းပညာ သင်ကြားဖွင့်လှစ်နေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

ရုရှားနိုင်ငံက တက္ကသိုလ်တွေမှာ တက်ရောက်နေတဲ့ နိုင်ငံတကာမှ ကျောင်းသားတွေရဲ့ စကားဝိုင်းဆွေးနွေးပွဲမှာ နျူကလီးယားနဲ့ ဆက်စပ်ဘာသာရပ်တွေ ပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်းများ၊ တွေ့ကြုံရတဲ့ အခက်အခဲများကို ဆွေးနွေးဖလှယ်ကြတဲ့အတွက် ကျောင်းသားသစ်တွေအတွက် များစွာအကျိုးရှိစေပါတယ်။ တက်ရောက်လာတဲ့ ကျောင်းသားတွေဟာ နျူကလီးယားစက်ရုံ၊ ပြခန်းတွေလည်း လေ့လာခွင့်ရခဲ့ကြပါတယ်။ အလားတူ ရုရှားနိုင်ငံရှိ တက္ကသိုလ်တွေကနေ ဘွဲ့ရခဲ့ကြတဲ့ ကျောင်းသားဟောင်း တွေ့ဆုံပွဲကိုလည်း တက်ရောက်ခွင့်ရခဲ့အတွက် ၎င်းတို့ သင်ကြားခဲ့ရမှု အတွေ့အကြုံတွေ၊ လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့ အခြေအနေနဲ့ အမှတ်တရစကားတွေလည်း လေ့လာသိရှိခဲ့ရပါတယ်။

**ဒေါ်နန်းဇင်သီရိနောင် ကထိက**
**မန္တလေးနည်းပညာ တက္ကသိုလ်**

ကျွန်မကတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Obninsk မြို့မှာ ကျင်းပတဲ့ နျူကလီးယားနည်းပညာဆိုင်ရာ နိုင်ငံတကာလူငယ်များဖိုရမ်ကို မန္တလေးနည်းပညာတက္ကသိုလ်နဲ့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) က ကျောင်းသား ကျောင်းသူတွေနဲ့အတူ လာရောက်တက်ရောက်တာဖြစ်ပါတယ်။ ဒီဖိုရမ်မှာဆိုရင် လူငယ်တွေနဲ့ နျူကလီးယားနည်းပညာတွေ ထိတွေ့ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ နည်းပညာပိုင်းဆိုင်ရာ အသိပညာဖြန့်ဝေမှုတွေ၊ သင်ကြားပြသမှုတွေကို နိုင်ငံတကာက လူငယ်တွေနဲ့အတူ တွေ့ဆုံဆွေးနွေးခဲ့ရပါတယ်။

ဒီပွဲမှာဆိုရင် နိုင်ငံတကာကနေ ရုရှားနိုင်ငံမှာ ဘွဲ့ကြိုသင်တန်း လာတက်ကြတဲ့ ကျောင်းသား ကျောင်းသူတော်တော်များများကိုလည်း တွေ့ခဲ့ရပါတယ်။ ကိုယ့်နိုင်ငံက ကျောင်းသားတွေလည်း နိုင်ငံတကာက ကျောင်းသားတွေနဲ့ အပြိုင် ပြောဆိုဆွေးနွေးနိုင်တာကို တွေ့ခဲ့ရပါတယ်။ ကျောင်းသူတစ်ယောက်ဆိုရင် Group Leader အနေနဲ့ ဦးဆောင်ပြီး ဆွေးနွေးခဲ့ပါတယ်။ သူတို့လေးတွေ နိုင်ငံတကာနဲ့ ဝင်ဆံ့နိုင်အောင် ကြိုးစားကြတာကို တွေ့ခဲ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ World First Nuclear Power Plant ရဲ့ နှစ် (၇၀)ပြည့် အထိမ်းအမှတ်အနေနဲ့ ကျင်းပတဲ့ပွဲမှာ နိုင်ငံတကာမှ အသိပညာရှင် အတတ်ပညာရှင်တွေရဲ့ ဆွေးနွေးမှုတွေကိုလည်း တက်ရောက်နားထောင် လေ့လာခဲ့ရပါတယ်။

ပထမဆုံးသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့တဲ့ နျူကလီးယား ဓာတ်ပေါင်းဖိုကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။ Nuclear Power Plant ဟာဆိုရင် ၄၈ နှစ်ကြာ အောင်မြင်စွာ၊ ဘေးအန္တရာယ် ကင်းရှင်းစွာနဲ့ အလုပ်လုပ်ခဲ့တဲ့ ဓာတ်ပေါင်းဖိုတစ်ခု ဖြစ်တယ်လို့ သိရပါတယ်။ အခုအခါမှာတော့ ဓာတ်ပေါင်းဖိုရှိတဲ့နေရာကို Nuclear Energetics Museum အဖြစ် ဖွင့်လှစ်ထားပါတယ်။ အခုလို သွားရောက်လေ့လာခဲ့ရတဲ့အတွက် အသိပညာ၊ ဗဟုသုတတွေ များစွာရရှိတဲ့အပြင် နိုင်ငံတကာက လေ့လာနေသူတွေနဲ့ သိရှိခဲ့ရတဲ့အတွက် ကျေနပ်မိပါတယ်ရှင့်။ အတူလာရောက်တက်ရောက်ကြတဲ့ကလေးတွေ အနေနဲ့လည်း စိတ်အားထက်သန်မှုတွေ၊ သူတို့ကိုယ်သူတို့ယုံကြည်မှုပိုပြီး ရှိလာစေတဲ့အတွက် နောင်အခုလိုပွဲတွေကို ကျောင်းသူ ကျောင်းသားတွေပိုပြီး တက်ရောက်ဖို့အတွက် အားပေးချင်ပါတယ်။

တက်ရောက်ခွင့် ရအောင်လည်း ကလေးတွေဘက်က လိုအပ်တဲ့ ဘာသာရပ်ဆိုင်ရာ လေ့လာမှုတွေ၊ ဘာသာစကား သုံးနှုန်းမှုတွေကို ကြိုးစားပြင်ဆင်ထားစေချင်ပါတယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက် ထောက်ပံ့ပေးသော အစိုးရအဖွဲ့နဲ့ ROSATOM အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်ရှင့်။

**မောင်ထက်လျှံဘုန်းနိုင် ဒုတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာ တက္ကသိုလ်**

Obninsk NEW 2024 ကို ပါဝင်တက်ရောက်ဖို့အတွက် မန္တလေးနည်းပညာတက္ကသိုလ်မှာ လျှောက်ထားဖြစ်ရာကနေ စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒီ Program ရဲ့ အဓိက အကြောင်းအရာကတော့ Obninsk မြို့မှာ ပထမဆုံးတည်ဆောက်ခဲ့တဲ့ World Nuclear Power Plant ရဲ့ နှစ် (၇၀) ပြည့်အခမ်းအနားနဲ့ နောင်မျိုးဆက်သစ်တွေအတွက် ဘယ်လိုတိုးတက်မှုတွေ လုပ်ကြမယ်ဆိုတာကို ဆွေးနွေးကြတဲ့ အခမ်းအနားပဲ ဖြစ်ပါတယ်။

ဒီ Program ရဲ့ ပထမဆုံးရက်မှာ နိုင်ငံအသီးသီးမှ မျိုးဆက်သစ်လူငယ်တွေက နျူကလီးယားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ဗဟုသုတတွေကို အချင်းချင်း မျှဝေဆွေးနွေးကြတဲ့ Workshop ကို လုပ်ခဲ့ရပါတယ်။ ဒုတိယရက်မှာဆိုရင် နိုင်ငံပေါင်းစုံက ကိုယ်စားလှယ်တွေ၊ နျူကလီးယားပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေက နျူကလီးယားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးတဲ့ Plenary Session တွေကို တက်ရောက်ခွင့်ရရှိခဲ့ပါ တယ်။ နောက်ဆုံးရက်မှာတော့ ရုရှားနိုင်ငံရဲ့ နျူကလီးယား အဏုမြူစွမ်းအင်ကို လေ့လာတွေ့ရှိခဲ့တဲ့ Kurchatov ရဲ့ နေအိမ်ကို သွားရောက်လေ့လာခွင့်ခဲ့ရပါတယ်။ အခုလိုမျိုး Obninsk NEW 2024 မှာ ပါဝင်ခွင့်ရခဲ့တဲ့အတွက် နျူကလီးယားနဲ့ ပတ်သက်တဲ့ နည်းပညာအသစ်အဆန်းတွေ၊ ဗဟုသုတအသစ်တွေကို လေ့လာခွင့်ရရှိခဲ့သလို နိုင်ငံပေါင်းစုံက သူငယ်ချင်းအသစ်တွေနဲ့လည်း ခင်မင်ရင်းနှီးမှု ရရှိခဲ့ပါတယ်။

ဒီ Program ဖြစ်မြောက်အောင် ကူညီပေးခဲ့ကြသူတိုင်းကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ထပ်မှာလည်း ဒီလို Program တွေအများကြီးကို ပါဝင်ခွင့်ရမယ်လို့လည်း မျှော်လင့်မိပါတယ်။ နောက်ထပ် ကျွန်တော့်လိုလူငယ်တွေကို အကြံပြုချင်တာကတော့ ဒီလိုအခွင့်အရေးမျိုးတွေ ရရှိလာခဲ့မယ်ဆိုရင် လက်မလွှတ်ဘဲ ပါဝင်လေ့လာကြဖို့ အကြံပြုချင်ပါတယ်။

**မခြူးအိမ်စည် ပဉ္စမနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာ တက္ကသိုလ်**

Obninsk NEW 2024 ကို တက်ရောက်ခွင့်ရဖို့အတွက် မန္တလေးနည်းပညာတက္ကသိုလ်ကနေတစ်ဆင့် လျှောက်ထားခဲ့ရာကနေ ပါဝင်ခွင့်ရရှိခဲ့တာပဲဖြစ်ပါတယ်။ Obninsk NEW 2024 Program မှာဆိုရင် ပထမဆုံးအနေနဲ့ Nuclear Generation နဲ့ဆိုင်တဲ့ Workshop မှာ ပါဝင်ဆွေးနွေးခဲ့ရပါတယ်။ ဒီ Workshop မှာဆိုရင် နိုင်ငံပေါင်းစုံက လူငယ်တွေနဲ့ Group တွေဖွဲ့ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြရတာဖြစ်ပါတယ်။ Group တစ်ခုချင်းစီက တိုင်ပင်ဆွေးနွေးခဲ့တဲ့ အကြံပြုချက်တွေ၊ ကောက်နုတ်ချက်တွေကို အချင်းချင်း မျှဝေပေးခဲ့ကြတာပဲဖြစ်ပါတယ်။

နောက်တစ်နေ့မှာဆိုရင်တော့ နိုင်ငံကိုယ်စားပြု Speaker တွေ ဆွေးနွေးဟောပြောခဲ့တဲ့ Nuclear Industry နဲ့ဆိုင်တဲ့ Topic တွေကို တက်ရောက်နားထောင်ခဲ့ရပါတယ်။ နောက်ဆုံးတစ်ရက်မှာတော့ ရုရှားနိုင်ငံရဲ့ ပထမဆုံး တည်ဆောက်ခဲ့တဲ့ Nuclear Power Plant ကို သွားရောက်လေ့လာခဲ့ကြရတာပဲ ဖြစ်ပါတယ်။ ဒီ Program ကို တက်ရောက်ခွင့် ရရှိခဲ့တဲ့အတွက် နျူကလီးယားနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ အများကြီး လေ့လာတွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံပေါင်းစုံက သူငယ်ချင်းအသစ်တွေ ရရှိခဲ့ပြီးတော့ Culture Sharing တွေလည်း အများကြီးလုပ်ခဲ့ရပါတယ်။ အမှတ်တရပစ္စည်း လက်ဆောင်တွေလည်း အများကြီး ရရှိခဲ့ပါတယ်။ သမီးအနေနဲ့ ဒီလို အတွေ့အကြုံတွေ အများကြီးထပ်ပြီး တော့တွေ့ကြုံခွင့်ရချင်ပါသေးတယ်။

ဒီသုံးရက်အတွင်းမှာတောင် အတွေ့အကြုံတွေ ဒီလောက်အများကြီး ရရှိခဲ့တာဖြစ်တဲ့အတွက် နောက်ထပ်ရက်တွေသာထပ်ရခဲ့ရင် နောက်ထပ်အခြားသော မသိသေးတဲ့အရာတွေ အများကြီးထပ်ပြီး သိရဦးမယ်လို့လည်း ယုံကြည်မိပါတယ်။ ဒီ Program ကို ပါဝင်နိုင်အောင် ကူညီပို့ဆောင်ပေးကြသူများအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ရှိပါတယ်ရှင့်။ အကြံပြုချင်တာကတော့ ဒီလို Program တွေကိုထပ်ပြီး လုပ်ပေးဖို့ရယ်၊ ကျောင်းသား အရေအတွက် ပိုမိုခေါ်ယူပေးနိုင်မယ်ဆိုရင် အခုလို အတွေ့အကြုံကောင်းတွေ အများကြီး ရနိုင်တဲ့လူငယ်တွေ ပိုမိုများပြားလာပြီး မြန်မာနိုင်ငံရဲ့ Educational Quality ကိုလည်း မြှင့်တင်ပေးနိုင်မယ်လို့ ခံစားမိပါတယ်ရှင့်။

*စာမျက်နှာ ၉ သို့*

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အကြိမ်(၃၀)မြောက် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ အကြိမ်(၃၀) မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့စွာဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားခွင့်မဆုံးရှုံးနိုင်စေရေးအတွက် ဆောင်ရွက်ဖွယ်ကိစ္စမှန်သမျှ သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ အမှားအယွင်းမရှိရလေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမှားအယွင်းရှိခဲ့ပါက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပေါ် ယုံကြည်မှုအားနည်းလာမည်ဖြစ်၍ လုပ်ငန်းကိစ္စဆောင်ရွက်ရာတွင် အမှားအယွင်းကင်းစေရန် စေတနာထား ဆောင်ရွက်ကြစေလိုကြောင်း ဩဝါဒကထာ မြွက်ကြားသည်။



ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး(၂၀၂၃)၏ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုဆိုင်ရာလုပ်ငန်းစဉ်များကို လျှောက်ထားသည်။

ဆက်လက်၍ ကြွရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယာမက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ပညာရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအတိုင်း သင်ကြားကြရမည်ဖြစ်ပြီး စာသင်ဆောင်များ ဆရာဆရာမ လုံလောက်မှု၊ သင်ကြားစနစ်မှန်ကန်မှုတို့ကို ပြည့်စုံအောင်ဆောင်ရွက်ရေး၊ သင်ကြားရေးဆရာတော်များကလည်း နိုင်ငံတော်၏ဦးတည်ချက်များကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းလျှောက်ထားကာ ဆွေးနွေးချက် (၇) ရပ်နှင့်ပတ်သက်၍ အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစာရက ဘုန်းတော်ကြီးသင်ပညာရေးကို အားထုတ်ဆောင်ရွက်လျက်ရှိကြသော ဆရာတော်များမှ ပညာရေးမူဝါဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ဩဝါဒကထာမြွက်ကြားပြီး ဒုတိယဝန်ကြီးက ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**သတင်းစဉ်**

# မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့အထိ ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လျက်ရှိသဖြင့်




စိုးရိမ်ရေမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါမိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ယနေ့တွင် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ပေါမိုင်းရပ်ကွက်ရှိ တောရကျောင်းတိုက်နှင့် သာသနာပြုသီလရှင်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်နှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



(၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်သမဝါယမအသင်းစုနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ဇူလိုင် ၁ ရက်က သီလရှင်ဆရာလေးများအား လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ လှူဒါန်းစဉ်။

မြို့နယ် (ပြန်/ဆက်)

*စာမျက်နှာ ၈ မှ*

**မဝတ်ရည်ပပဝင်း တတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

2nd International Youth Nuclear Forum ကို တက်ရောက်ဖို့အတွက် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)က ရွေးချယ်စေလွှတ်ခြင်း ခံခဲ့ရပါတယ်။ ပါဝင်ခဲ့တဲ့ Activity တွေအနေနဲ့ ကတော့ ပထမရက်မှာ Forum ကို တက်ရောက်လာတဲ့ နိုင်ငံတကာက လူငယ်တွေနဲ့အတူ နျူကလီးယားနဲ့ပတ်သက်တဲ့ ခေါင်းစဉ်ခုနစ်ခုကို Group တစ်ခုချင်းစီအလိုက် တိုင်ပင်ဆွေးနွေး ဖလှယ်ရတဲ့ Workshop ကို တက်ရောက်ခဲ့ရပါတယ်။ ဒုတိယရက်မှာတော့ ဖိုရမ်မှာ ပါဝင်ဆွေးနွေးကြတဲ့ Speaker တွေရဲ့ ဆွေးနွေးပို့ချမှုတွေကို တက်ရောက် နားထောင်ခဲ့ရပါတယ်။ တတိယရက်မှာတော့ နှစ် (၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ ပထမဆုံးအသုံးပြုခဲ့တဲ့ Nuclear Power Plant ကို သွားရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။

ရုရှားလူမျိုးတွေရဲ့ စားသောက်နေထိုင်ပုံတွေ၊ နျူကလီးယားစွမ်းအင်ကို လေ့လာစမ်းသပ်နေမှုတွေ၊ ရုရှားလူမျိုးတွေရဲ့ ပြုမူနေထိုင်ဆက်ဆံပုံတွေကို လေ့လာသိရှိခဲ့ရပါတယ်။ ကျွန်မအတွက်ကတော့ ဒီခရီးစဉ်က အင်မတန်မှ တန်ဖိုးရှိခဲ့ပါတယ်။ နျူကလီးယားနည်းပညာနဲ့ပတ်သက်ပြီးတော့လည်း အများကြီးလေ့လာခွင့်ရရှိခဲ့ပါတယ်။ လူတိုင်းမှာ အခွင့်အရေးဆိုတာ ရှိလာနိုင်တာဖြစ်တဲ့အတွက် ရရှိလာတဲ့အခွင့်အရေးကို အရယူနိုင်အောင် အမြဲလေ့ကျင့်သင်ကြားထားဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။

**မဟန်နဒီထွန်း တတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**နည်းပညာတက္ကသိုလ် (ကျောက်ဆည်)**

Obninsk NEW 2024 ကို ပါဝင်ခွင့်ရရှိခဲ့တာကတော့ ညီမတို့ရဲ့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ဌာနမှူးကနေတစ်ဆင့်သိရှိပြီး လျှောက်ထားခဲ့ရာကနေ ပါဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီ Program မှာ ပါဝင်ခဲ့ရတဲ့ Activity တွေကတော့ ပထမရက်မှာဆိုရင် Nuclear Generation နဲ့သက်ဆိုင်တဲ့ Workshop ကို တက်ရောက်ခဲ့ရပါတယ်။ ဒီ Workshop မှာဆိုရင် နိုင်ငံတကာက ကျောင်းသားတွေနဲ့အချင်းချင်း အပြန်အလှန် မျှဝေဆွေးနွေးခဲ့ရပါတယ်။ လူငယ်တွေအချင်းချင်းအကြားမှာ ဗဟုသုတတွေ မျှဝေခွင့်ရရှိခဲ့တဲ့ Workshop တစ်ခုပဲ ဖြစ်ပါတယ်။ ဒုတိယရက်မှာတော့ နိုင်ငံအသီးသီးကနေ နိုင်ငံကိုယ်စားပြု တက်ရောက်လာတဲ့ သိပ္ပံပညာရှင်တွေ၊ နျူကလီးယားပညာရှင်တွေက နျူကလီးယားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ အချက်အလက်တွေကို ဆွေးနွေးတင်ပြတဲ့ ပွဲတွေကို တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ တတိယရက်မှာတော့ ရုရှားနိုင်ငံရဲ့ Atomic Power Plant ကို စတင်တွေ့ရှိခဲ့တဲ့ သိပ္ပံပညာရှင် Kurchatov ရဲ့ အိမ်ကို သွားရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။

Obninsk NEW 2024 မှာဆိုရင် နျူကလီးယားနဲ့သက်ဆိုင်တဲ့ အတွေ့အကြုံအသစ်တွေအများကြီး ရရှိခဲ့ပြီး ကိုယ့်ရဲ့ အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်တွေကိုလည်း သိရှိခဲ့ရပါတယ်။ ဒီ Program ကဆိုရင် နိုင်ငံပေါင်းစုံက ပညာရှင်တွေ၊ ကျောင်းသားတွေအားလုံး စုပေါင်းဆောင်ရွက်ခဲ့ကြတာဖြစ်တဲ့အတွက် ကျွန်မတို့ မြန်မာကျောင်းသားတွေလည်း ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလို Program တွေကို နောက်ထပ်လုပ်ပေးနိုင်ဖို့နဲ့ မြန်မာကျောင်းသားတွေအနေနဲ့လည်း ပါဝင်တက်ရောက်ခွင့်ရမယ်ဆိုရင် လက်လွတ်မခံဘဲ အကောင်းဆုံးကြိုးစားပါဝင်တက်ရောက်ဖို့ အကြံပြုချင်ပါတယ်။

**တွေ့ဆုံမေးမြန်း**
**အေးနန္ဒာဦး၊ စောအိမွန်**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်သူများ၏ အနာဂတ်ဘဝ ပိုမိုကောင်းမွန်ဖို့ . . .

**၁၈၄၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးမြို့ Toad Lane လမ်းတွင် ရက်ကန်းသမား ၂၈ ဦးက ရော့ခ်ဒေးသမဝါယမ ကုန်စုံဆိုင် ဖွင့်လှစ်အောင်မြင်ခဲ့ခြင်းမှ အစပြု၍ သန္ဓေတည်ခဲ့သည့် ကမ္ဘာ့သမဝါယမလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၁၈၀ တိုင်ခဲ့ပြီးဖြစ်ပါသည်။**

*အောင်သူရ (သမဝါယမ)*

မြန်မာနိုင်ငံရှိ သမဝါယမလုပ်ငန်းများကိုလည်း ၁၉၀၄ ခုနှစ် နှောင်းပိုင်းနှင့် ၁၉၀၅ ခုနှစ် နှစ်ဆန်းပိုင်းတို့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ခေတ်အဆက်ဆက် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သမဝါယမဦးစီးဌာန၊ ဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ပြီး လမ်းညွှန်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ခဲ့ရာ ၁၇-၆-၂၀၂၁ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ပန်းတိုင်ဆီသို့ လျှောက်လှမ်းလာခဲ့ရာ သုံးနှစ်တာခရီး ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး**

သမဝါယမဦးစီးဌာနမှ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် Action Plan ၉ ရပ် ချမှတ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ စည်းရုံးပညာပေးခြင်း၊ တည့်မတ်ပြုပြင်ပေးခြင်းတို့ကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သမဝါယမအသင်းများ ဖောင်းပွမှုမရှိဘဲ ကျစ်လျစ်ခိုင်မာစေရေးအတွက် ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် မေလအထိ အလုပ်မလုပ်သည့်/စာရင်းရှင်းလင်းဖျက်သိမ်းသင့်သည့် သမဝါယမအသင်း ၁၂၆၂ သင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများထဲမှ အမှန်တကယ် လုပ်ကိုင်လိုသူများအား စည်းရုံးပြီး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၆၁၇ သင်း၊ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသစ် ၇၉ သင်း၊ ကုန်ထုတ်လုပ်မှုသမဝါယမအသင်း ၄၃၀ ၊ ဝန်ဆောင်မှုသမဝါယမအသင်း ၄၆ သင်း၊ ကုန်သွယ်မှုသမဝါယမအသင်း ၁၀၇ သင်း၊ စုစုပေါင်းအသင်းသစ် ၅၈၃ သင်း ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကဏ္ဍအလိုက် ထုတ်လုပ်မှုသမဝါယမအသင်း ၃၁၉၆၃ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၅၅၆ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၄၀ အား ဖွဲ့စည်းထားရှိပါသည်။

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၉၈၄၁ သင်းမှ အသင်းသား ၁၀၄၉၅၀၄ ဦးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၀၄၂ ဒသမ ၅၅ သန်းအပါအဝင် သမဝါယမအသင်းပိုင် ငွေကျပ် ၁၂၅၁၇ ဒသမ ၁၅၃ သန်းဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက် စိုက်ကေသိန်းပေါင်း ၂၆ ဒသမ ၅ ကေကို စိုက်ပျိုးနိုင်ခဲ့ပြီး ရာသီအလိုက် စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ မျိုးစေ့ထုတ်သမဝါယမအသင်း ၂၀၅ သင်း၏ မျိုးစေ့ထုတ်ကေ ၁၂၄၉၅ ကေမှ မျိုးစပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ နေကြာ စသည့်သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး (၁၀၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

သွင်းအားစုပံ့ပိုးမှုအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၆၂၃ သင်းမှ အသင်းသားတောင်သူ ၁၁၈၆၄ ဦးသို့ နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၂၇၇ ဒသမ ၁၄၁ သန်းအပါအဝင် စုစုပေါင်းကျပ် ၆၂၇၉ ဒသမ ၀၄၆ သန်းတန်ဖိုးရှိသော မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေဩဇာ ၆၃၃၉၃ အိတ်၊ ဓာတ်မြေဩဇာ(ပုလဲ၊ ကွန်ပေါင်း) ၆၀၈၂၂ အိတ်၊ ပိုးသတ်ဆေး ၁၁၀၈ ပုလင်း စသည့် စိုက်ပျိုးရေးသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

**အကျိုးအမြတ်ခွဲဝေပေးနိုင်ရေး ဆောင်ရွက်**

သမဝါယမအသင်း ၁၇၆ သင်းမှ အသင်းပိုင်လယ်မြေ ၁၄၂၄၀ ဒသမ ၅၂ ဧက၊ ယာမြေ ၇၇၂ ဒသမ ၃၇ ဧကရှိပြီး အဆိုပါအသင်းပိုင်လယ်ယာမြေများတွင် သမဝါယမစနစ်ဖြင့် BOD အဖွဲ့မှ ဦးဆောင်၍ စုပေါင်းဝယ်ယူ၊ စုပေါင်းဆောင်ရွက်၊ စုပေါင်းရောင်းချခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သီးနှံရာသီအလိုက် ရောင်းချခြင်းများ ဆောင်ရွက်ပြီး အကျိုးအမြတ်ခွဲဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်း ၄၉ သင်း၊ လုပ်ငန်းခွဲ ၁၁၃ သင်း၊ စုစုပေါင်း ၁၆၂ သင်းတို့မှ ထွန်ယက်ပြုပြင်ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို ထွန်စက်ကြီး ၅၈၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီးနှင့် အခြားစက်ကိရိယာ ၆၄ စီး စုစုပေါင်း ၇၆၆ စီးဖြင့် ထွန်ယက်ကေ ၁၃၉၆၃၁ ကေ၊ ရိတ်ခြွေကေ ၂၇၂၁၂ ကေတို့ကို ဆောင်ရွက်ပေးခဲ့ပြီး လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ရာသီချိန်အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများ၊ လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့်ကုမ္ပဏီများနှင့်ပူးပေါင်း၍လယ်ယာသုံးစက်ကိရိယာရောင်းချခြင်း၊ သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြပွဲနှင့် မျိုး၊ သွင်းအားစုပေးအပ်ပွဲအခမ်းအနားများကို နေပြည်တော် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် ကုမ္ပဏီအစီအစဉ်ဖြင့် အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ Two-Step Loan ချေးငွေဖြင့်လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်လောင်းမြို့နယ် နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ ဆောင်ရွက်သည့် သဘာဝမြေဩဇာစက်ရုံစုစုပေါင်း ခုနစ်ရုံ တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်လုပ်မှုနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတွင်လည်း နှမ်းရိုးမှ သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မျိုး၊ သွင်းအားစုများ ထောက်ပံ့**

၂၀၂၃ ခုနှစ် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် စိုက်/မွေး/ဆည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်၊ အသင်းပိုင်ငွေကျပ် ၉၁၅၁ ဒသမ ၂၉၂ သန်းတို့ဖြင့် သမဝါယမအသင်း ၂၉၆ သင်း၊ အသင်းသားတောင်သူ ၇၂၇၃ ဦး၏ နွေစပါးစိုက်ကေ ၄၅၇၀၈ ကေအတွက် တစ်ကေလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် မျိုး၊ သွင်းအားစုများကို ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက်လည်း ကျပ် ၂၆၆၉၇ ဒသမ ၆၀၂ သန်းဖြင့် သမဝါယမအသင်း ၁၀၅၆ သင်း၊ အသင်းသားတောင်သူ ၂၈၅၅၅ ဦး၏ မိုးစပါးစိုက်ကေ ၁၃၆၁၉၂ ဒသမ ၇၃ ကေအတွက် တစ်ကေလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် မျိုး၊ သွင်းအားစုများကို ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ကျပ် ၂၈၄၃၂ ဒသမ ၃၄၁ သန်းဖြင့် သမဝါယမအသင်း ၁၀၃၁ သင်း၊ အသင်းသားတောင်သူ ၂၇၅၀၇ ဦး၏ မိုးစပါးစိုက်ကေ ၁၄၆၃၁၄ ကေအတွက် တစ်ကေလျှင် ကျပ် နှစ်သိန်းနှုန်းဖြင့် မျိုး၊ သွင်းအားစုများကို ရယူဆောင်ရွက်ပေးလျက်ရှိပါသည်။

ဝါအထွက်နှုန်းများ တိုးတက်စေရေးနှင့် ဝါကုန်ကြမ်းများမှ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် ဝါသီးနှံစိုက်ပျိုးရေး ထုတ်လုပ်မှု ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သမဝါယမကဏ္ဍမှ ဝါစိုက်ပျိုးရေး ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တောင်သူများအား သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာများအလိုက် ရွေးချယ်စည်းရုံး၍ သမဝါယမအသင်းများဖွဲ့စည်းပြီး စုစုပေါင်းကေ ၉၆၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ လျာထားကေ ၉၆၀၀၀ အပေါ် တိုင်းဒေသကြီး/ ပြည်နယ် လေးခုတွင် မြို့နယ် ၂၈ မြို့နယ်၌ အသင်းသား ၁၅၉၀၅ ဦးက မိုးကြိုဝါ ၁၉၅၇ ကေ၊ မိုးဝါ ၉၁၈၄ ကေ၊ မိုးနှောင်းဝါ ၄၇၂၈၆ ကေ စုစုပေါင်း ၅၈၄၂၇ ကေစိုက်ပျိုးမည့် သမဝါယမအသင်း ၃၇၉ သင်းဖွဲ့စည်းထားပြီး တစ်ကေလျှင် နှစ်သိန်းနှုန်းနှင့်ညီမျှသော မျိုး၊ သွင်းအားစုများကို ထောက်ပံ့ပေးပြီးဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသော သမဝါယမအသင်း ၂၉၂၁ သင်းမှ အသင်းသား ၁၈၂၇၇၀ မှ နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၈၈ ဒသမ ၅ သန်းအပါအဝင် သမဝါယမအသင်းပိုင် ကျပ် ၁၄၆၅၄ ဒသမ ၀၅၁ သန်း တန်ဖိုးရှိသော မျိုးသားပေါက်နှင့် တိရစ္ဆာန်အစားအစာများကို ပံ့ပိုးပေး၍ ကြက်ကောင်ရေ ၆၇၂၃၄ ကောင်၊ ဝက်ကောင်ရေ ၁၆၁၇၅၄ ကောင်၊ ဆိတ်ကောင်ရေ ၂၉၈၄ ကောင်၊ နွားကောင်ရေ ၅၁၆၈ ကောင်၊

*စာမျက်နှာ ၁၁ သို့*

- **ယနေ့အထိ ကဏ္ဍအလိုက် ထုတ်လုပ်မှုသမဝါယမအသင်း ၃၁၉၆၃ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၅၅၆ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၄၀ အား ဖွဲ့စည်းထားရှိ**
- **စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၉၈၄၁ သင်းမှ အသင်းသား ၁၀၄၉၅၀၄ ဦးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၀၄၂ ဒသမ ၅၅ သန်းအပါအဝင် သမဝါယမအသင်းပိုင် ငွေကျပ် ၁၂၅၁၇ ဒသမ ၁၅၃ သန်းဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက် စိုက်ကေသိန်းပေါင်း ၂၆ ဒသမ ၅ ကေကို စိုက်ပျိုးနိုင်ခဲ့ပြီး ရာသီအလိုက် စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၀ မှ*

နွားနောက် အကောင် ၁၀၀၊ ဘဲကောင်ရေ ၈၂၈ ကောင်၊ ငါး ၁၆၀၅၃၇၃၇ ကောင် စုစုပေါင်း ၁၆၂၉၁၈၀၅ ကောင်နှင့် ယင်မည်းမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ**

တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခု၊ မြို့နယ် ၁၆ မြို့နယ်ရှိ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသော သမဝါယမအသင်း ၂၀ မှ အသင်းပိုင်အသင်းသားပိုင် ငါးမွေးကန် ၁၁၇၅ ကန်၊ အကျယ်အဝန်း ၁၈၇၆ ဒသမ ၉၈ ဧကတွင် ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်၊ ငါးကြင်း၊ ငါးခေါင်းပွ၊ ငါးခုံးမ၊ ရွှေဝါငါးနှင့် ငါးသားပေါက် စသည့်ငါးကောင်ရေ စုစုပေါင်း ၁၆၆ ဒသမ ၁၅ သိန်း မွေးမြူထားပြီး အသင်းသားပြည်သူများ ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရေး ဖြန့်ဖြူးရောင်းချ ပေးနိုင်ခဲ့ပါသည်။

သမဝါယမအသင်းပိုင် ဆန်စက်များ တည်ဆောက်နိုင်မှုအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် တော်ဝင် မိုင်းယောင်း အထွေထွေရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်၊ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် ရွှေဇေယျာ ဆန်စက်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တစ်ရက်တန် ၂၀ ကျ အဆင့်မြင့်ဆန်စက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းပိုင် တစ်ရက်တန် ၆၀ ကျ ရွှေမြိုင်အဆင့်မြင့် ဆန်စက်ကို တည်ဆောက်ခဲ့ပြီး စက်စွမ်းအားပြည့် လည်ပတ်ဆောင်ရွက်လျက်ရှိကြပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ဆီထွက်သီးနှံမှတစ်ဆင့် စားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းမှ ထွက်ရှိသော ပဲဆီ၊ နှမ်းဆီတို့ဖြင့် အစားထိုးဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ် ငါးခုရှိ မြို့နယ် ၁၁ မြို့နယ် (ပုဗ္ဗသီရိ၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ ဇီးကုန်း၊ ရွှေတောင်၊ မကွေး၊ အောင်လံ၊ ပုသိမ်၊ ဟသ်ာတ)မြို့တို့တွင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုအပါအဝင် အသင်းပိုင်ဆီစက် ၁၁ လုံး တည်ထောင်ပေး၍ သမဝါယမကဏ္ဍမှ ဆီစက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေးသမဝါယမအသင်းနှင့် ရွှေကမ္ဘာငွေစုငွေချေးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့သည်။ မန္တလေးနို့ချက်စက်ရုံကို ၁၄-၁၂-၂၀၂၂ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ကာ နို့ချက်စက်ရုံမှ တစ်ရက်လျှင် နို့ဆီဘူး ၃၀၀၀ ထုတ်လုပ်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နို့ဆီဘူး ၄၄၈၆၀၈ ဘူး တန်ဖိုးငွေကျပ် ၈၃၂၀ ဒသမ ၄၀၄ သိန်းကို ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးမှုမှာ ကျေးလက်ဒေသတွင် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်နေသည့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းငယ်များမှတစ်ဆင့် အရည်အသွေးပြည့်မီသော တန်ဖိုးမြှင့်ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်း/ပြည်ပသို့ဈေးကွက်ချဲ့ထွင်ရောင်းချပေးနိုင်ရန် သမဝါယမအသင်းပေါင်း ၅၁ သင်းမှ ရိုးရာလုံချည်၊ ဝါးလက်မှုထည်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံး/အိမ်သုံးပစ္စည်းများ၊ ချည်ထည်ထုတ်လုပ်သည့် လုပ်ငန်းများကို သမဝါယမအသင်းသားများမှ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ထုတ်ကုန်ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၂၈၃၁၄ ဒသမ ၃၄ သိန်းကို ထုတ်လုပ်နိုင်ခဲ့ပြီး ရောင်းချမှုအနေဖြင့် ငွေကျပ် ၃၂၆၇၈ ဒသမ ၆၆ သိန်းကို ရောင်းချဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ဟိုတယ်/မိုတယ်/တည်းခိုခန်းများ လုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၃ မြို့နယ်ရှိ သမဝါယမအသင်းစုစုပေါင်း ၇၃ သင်းမှ ဟိုတယ်ခုနစ်ခု၊ မိုတယ်ခုနစ်ခု၊ တည်းခိုခန်း ၆၀ နှင့် ဘော်ဒါဆောင် လေးခု ဆောင်ရွက်ထားပြီး တစ်နှစ်တာဝင်ငွေကျပ်သိန်းပေါင်း ၈၁၇၁ ဒသမ ၁၂ သိန်း ရရှိခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ် ငါးခု၊ မြို့နယ် ၂၀ တွင် Cash Memo အရောင်းဆိုင် ၄၃ ဆိုင် ဖွင့်လှစ်၍ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ အဆိုပါဆိုင်များမှ နိုင်ငံတော်ဝင်ငွေ (State Income) ပေးသွင်းခဲ့ပါသည်။

ပြည်သူများစားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် သမဝါယမကုန်သွယ်မှုကဏ္ဍမှ အရောင်းဆိုင်များဖွင့်လှစ်လျက်ရှိရာ အရောင်းဆိုင်လုပ်ငန်းအနေဖြင့် သမဝါယမအသင်းအရောင်းဆိုင် ၂၄၆ ဆိုင်မှ ကုန်မျိုးစုံရောင်းချခြင်း၊ ဒေသထွက်ကုန်ရောင်းချခြင်း၊ စိုက်ပျိုးရေးဆေးနှင့် သွင်းအားစုရောင်းချခြင်း၊ မြေပဲဆီရောင်းချခြင်း၊ လျှပ်စစ်သုံးပစ္စည်းရောင်းချခြင်းနှင့် ပရိဘောဂရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ ၁-၄-၂၀၂၃ မှ ၃၁-၃-၂၀၂၄ ရက်နေ့အထိ စုစုပေါင်းရောင်းရငွေကျပ် ၈၇၅၅ ဒသမ ၄၅၃ သန်း၊ တစ်လပျမ်းမျှရောင်းရငွေကျပ် ၇၆၅ ဒသမ ၀၆ သန်းတန်ဖိုးကို ပြည်သူများ လွယ်ကူစွာဝယ်ယူနိုင်ရေး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများတွင် ရောင်းချဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပြည်ပပို့ကုန်တင်ပို့**

ပြည်ပပို့ကုန်တင်ပို့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိစန္ဒာ အထည်ချုပ်လုပ်ငန်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းမှ ငွေကျပ် ၇၉၈၉ ဒသမ ၅၇၄ သန်းတန်ဖိုးရှိ အထည်မျိုးစုံကို ဂျပန်နိုင်ငံသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ်ရှိ ကျေးဇူးတော်နှင့် တင့်တယ်ခြင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ငွေကျပ် ၁၁၉ ဒသမ ၄၁ သန်းတန်ဖိုးရှိ တံမြက်စည်းများကို တောင်ကိုရီးယားနိုင်ငံသို့လည်းကောင်း၊ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရှိ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ငွေကျပ် ၁၃၃၉ ဒသမ ၇၂ သန်းတန်ဖိုးရှိ ကော်ဖီမျိုးစုံကို ဆွစ်ဇာလန်နိုင်ငံသို့လည်းကောင်း၊ မူဆယ်မြို့နယ်ရှိ စိန့်ဇေယျာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ငွေကျပ် ၂၀၉၈၀ ဒသမ ၄၂၆ သန်း တန်ဖိုးရှိ ငါးရှဉ့်များကို တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့ရာ ၁-၄-၂၀၂၃ မှ ၃၁-၃-၂၀၂၄ ရက်နေ့အထိ စုစုပေါင်းငွေကျပ် ၃၀၄၂၈ ဒသမ ၆၈၂ သန်း၊ USD ၁၄ ဒသမ ၄၄၆ သန်းဖိုးကို တင်ပို့နိုင်ခဲ့ပါသည်။

“နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ”တိုင်းဒေသကြီး/ပြည်နယ်ဖြင့် မြစိမ်းရောင်(သမဝါယမ) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၃၁-၃-၂၀၂၄ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခုတို့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကန်ထရိုက်လယ်ယာ၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)၊ အရောင်းဆိုင်လုပ်ငန်း၊ သဘာဝဓာတ်မြေဩဇာ စက်ရုံတည်ဆောက်ခြင်း၊ ဆီစက်အဆင့်မြှင့်ခြင်းနှင့် ဆီကြိတ်ခွဲခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းတို့အတွက် စုစုပေါင်းငွေကျပ် ၈၉၀၇ ဒသမ ၃၆ သန်းဖြင့် ပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေများဖြင့် လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းကို သမဝါယမအသင်းများအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စက်ကိရိယာ၊ စိုက်ပျိုးရေးနှင့် သွင်းအားစုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ကုန်သွယ်အဆင့်မြှင့် လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စုစုပေါင်းငွေကျပ် ၁၃၀၇ ဒသမ ၁၀၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် နေပြည်တော်တွင် ငွေကျပ် ၆၅၂ သန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ငွေကျပ် ၂၄၁ သန်းတို့ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းခွင်တွင် စွမ်းရည်ပြည့်ဝစေရန် သင်တန်းများဖွင့်လှစ်**

သမဝါယမဦးစီးဌာနအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန်နှင့် စာရင်းရေးစာရင်းကိုင်၊ စာရင်းစစ်ပညာများ ကျွမ်းကျင်တတ်မြောက်လာစေရန်ရည်ရွယ်၍ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း၊ အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ပါသည်။

သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများကို မန္တလေး၊ မကွေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့တွင် ဖွင့်လှစ်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၂ ဦး တက်ရောက်အောင်မြင်ခဲ့ပါသည်။ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် ကျောင်းသား ကျောင်းသူ ၃၄ ဦးမှာ သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်၍ ပညာဆက်လက်သင်ယူခွင့်ရရှိပြီး ၂၁၈ ဦးတို့မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဌာနဆိုင်ရာများ၊ သမဝါယမ အသင်းစုချုပ်များ၊ သမဝါယမအသင်းစုများ၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများ၊ ဘဏ်များ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ သမဝါယမ ကောလိပ်များနှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လေ့လာရေးခရီးများကို ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများအား လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ကိုယ်တိုင်လုပ်၊ ကိုယ်ကိုယ်တိုင်သိပြီး တောင်သူများသို့ အတွေ့အကြုံများ မျှဝေပေးနိုင်အောင် ရုံးပတ်ဝန်းကျင်တွင် ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ စံပြစက်မှုလယ်ယာဖော်ထုတ်ဆောင်ရွက်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို စံနမူနာအဖြစ် စီမံဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဒေသထွက်ကုန်များကို ဝန်ထမ်းများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် MCRD (Coop Mart) ဖွင့်လှစ်၍ရောင်းချ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်အောင်မြင်လျက်ရှိ**

ကမ္ဘာပေါ်ရှိ အောင်မြင်ပြီး ထိပ်တန်းနေရာကို ရောက်ရှိနေသော သမဝါယမအသင်းမှာ အမေရိကန်နိုင်ငံရှိ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသော Dairy Farmers of America သမဝါယမအသင်းကြီးဖြစ်ပါသည်။ အသင်းဝင်၊ အသင်းပေါင်း ၁၄၅၀၀ ရှိပြီး နှစ်စဉ်ဝင်ငွေပျမ်းမျှ ၂၄ ဒသမ ၅ ဘီလီယံဒေါ်လာရရှိကာ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်အောင်မြင်လျက်ရှိပါသည်။ အာရှတိုက်၏ အကြီးမားဆုံး သမဝါယမအဖွဲ့အစည်းမှာ IFFCO (Indian Farmers Fertiliser Co-operative) အသင်းကြီးဖြစ်ပြီး အသင်းဝင်နိုင်ငံ ၄၉ နိုင်ငံမှ အသင်းပေါင်း ၃၅၀၀၀ နှင့် အသင်းသားဦးရေ သန်း ၅၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါအသင်းကြီး၏ နှစ်စဉ်ဝင်ငွေမှာ ရူပီးငွေ ၃၂၃၄ ကုဋေခန့် ရရှိနေကြောင်း သိရသည်။

ဗဟိုသမဝါယမအသင်းသည် ၇-၉-၁၉၉၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၌ အသင်းဝင်အဖြစ် ပါဝင်ခဲ့ပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပြီး ၁၉၂၃ ခုနှစ်မှ စတင်၍ ကျင်းပဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် (၁၀၂)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံမှာလည်း နှစ်စဉ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် အကြိမ် (၃၀)မြောက်ရှိခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာ့သမဝါယမများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတို့ဖြင့် သမဝါယမဦးစီးဌာန သမဝါယမအသင်းနှင့် အသင်းသားပြည်သူများက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သော **“Cooperatives Build a Better Future for All” “အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး”** ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်မှုအခြေအနေများအား အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုရင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## သရက်-အောင်လံ မော်တော်ဆိပ်ကမ်းရှိ ရေယာဉ်များပေါ်တွင် အသက်ကယ်အင်္ကျီစနစ်တကျ ဝတ်ဆင်ကြရန် အသိပညာပေးနှိုးဆော်

**အောင်လံ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ သရက်-အောင်လံ မော်တော်ဆိပ်ကမ်းရှိ ရေယာဉ်များအပေါ်တွင် အသက်ကယ်အင်္ကျီ စနစ်တကျ ဝတ်ဆင်ခြင်း အသိပညာပေးဆောင်ရွက်နေမှုကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းဆောင်ရွက်မှုတွင် မော်တော်ဆိပ်ကမ်းရှိ ရေယာဉ်မောင်းသူများအနေဖြင့် ပြည်သူများ၏ အသက်အန္တရာယ်ကိုကယ်တင်ရန် အသက်ကယ်အင်္ကျီများကို မော်တော်ရေယာဉ်များပေါ်တွင် စနစ်တကျ ထားရှိခြင်း၊ စုတ်ပြဲမှု ရှိ၊ မရှိ စစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက မော်တော်ရေယာဉ်များပေါ်သို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**မျိုးသိန်း(ပြန်/ဆက်)**





## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇူလိုင် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ ပထမဆုရရှိသည့် စာရေးသူ သုတေသီမောင်ဟန်၏ 'ရာသီဥတုပြောင်းလဲမှု' စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ယနေ့ ကမ္ဘာ့နိုင်ငံများ၌ အလေးထားဖြေရှင်းနေရသည့် ပြဿနာကြီးတစ်ခုမှာ 'ကမ္ဘာ့ရာသီဥတု' ပြောင်းလဲမှုဖြစ်သည်။ ယင်းပြဿနာကို ဖြေရှင်းရန် နိုင်ငံတကာ လူ့အဖွဲ့အစည်းကြီးက အစည်းအဝေးအမျိုးမျိုး ကျင်းပကာ အဖြေရှာနေကြသော်လည်း ကမ္ဘာကြီး၏ ရာသီဥတုမှာ ပို၍ဆိုးကျိုးများကို ကြုံတွေ့လာရသည်။ ယင်းပြဿနာကို အခြေခံ၍ သုတေသနပြုထားသည့် Robert Henson ရေးသားပြုစုသော 'Climate Change' စာအုပ်မှ အခန်းငါးခန်းကို ဘာသာပြန်ဆိုထားသော စာအုပ်ဖြစ်သည်။

ယင်းစာအုပ်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပေါ်ပေါက်လာရသည့် အဖြစ်ဆိုးများ၊ လူပေါင်းသိန်းချီ၍ သေဘေးကြုံခဲ့ရသည့် ဖြစ်ရပ်များ၊ စီးပွားရေး၊ လူမှုရေးထိခိုက်မှုများ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တိုးပွားလာမှု၏ အနိဋ္ဌာရုံများကို အသေးစိတ်ဖော်ပြထားသည်။ အလွန်အမင်းပူပြင်းခြင်းနှင့်ဆက်စပ်နေသော ရေလွှမ်းမိုးမှု၊ မိုးခေါင်မှု စသည်တို့ကို ကမ္ဘာ့နိုင်ငံအချို့၏ ဖြစ်ရပ်များနှင့် နှိုင်းယှဉ်တင်ပြထားသော ဘာသာပြန်စာပေဆုရစာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ်(၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆေးဖြစ်စေသော အစားအစာများနှင့် ဘေးဖြစ်စေသော အစားအစာများစာအုပ် ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၄**

စာရေးသူ ဒေါက်တာခင်မိုးမိုး ရေးသားပြုစုပြီး သုတစွယ်စုံစာအုပ်တိုက်မှ ထုတ်ဝေလိုက်သည့် ဆေးဖြစ်စေသော အစားအစာများနှင့် ဘေးဖြစ်စေသော အစားအစာများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။





လူသားတို့ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကမ္ဘာပေါ်တွင် အကောင်းဆုံးသမားတော် ခုနစ်ဦးအနက် တစ်ဦး အပါအဝင်ဖြစ်သည့် အစားအစာကို ချင့်ချိန်စားသုံးတတ်စေရေးအတွက် အထောက်အပံ့ဖြစ်စေရန် အသိပညာ အထောက်အကူ ဖြစ်စေရေးအတွက် လေ့လာပြုစုထားသည့် အဆိုပါစာအုပ်၏ အခန်း(၁)တွင် **လူ့ခန္ဓာကိုယ်အတွက် မဖြစ်မနေလိုအပ်သည့် အာဟာရဓာတ်များ** အကြောင်း၊ အခန်း (၂) တွင် **ဆေးဖြစ်စေနိုင်သော အစားအစာနှင့် ဘေးဖြစ်စေနိုင်သော အစားအစာများ**အကြောင်း၊ အခန်း (၃) တွင် **အစားအစာစားတတ်ခြင်းအနုပညာ**နှင့် အခန်း (၄) တွင် **အာဟာရဗဟုသုတများ** အကြောင်း စေ့ငုစုံလင်စွာဖော်ပြထားသည့်အပြင် ခန္ဓာကိုယ်အတွင်း အာဟာရချို့တဲ့သည့် လက္ခဏာများနှင့် ဖြေရှင်းနည်းလမ်းများကိုပါ ဖော်ပြထားရာ အသက်ရှည်အနာမဲ့ပြီး ကိုယ်ကျန်းမာစိတ်ချမ်းသာစွာ နေထိုင်နိုင်ရေး လေ့လာဖတ်ရှုသင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် စွယ်စုံမီဒီယာဂရု(ပ်) ပထမထပ်၊ Central Tower၊ အနော်ရထာလမ်း (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၃၈၅၂၉၃၊ ၀၁ ၈၃၉၂၇၃၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## မြန်မာစာ မြန်မာစကား

### ဝါကျအထားအသို

ဝါကျကို စကားလုံးများဖြင့် ဖွဲ့စည်းထားသည်။ ထိုသို့ဖွဲ့စည်းသောအခါ ရှေ့နောက်အစီအစဉ် အထားအသိုမှန်ကန်ဖို့လိုသည်။ အထားအသိုမမှန်ကန်ပါက ဆိုလိုရင်းမရောက်ဘဲ အဓိပ္ပာယ်လွဲချော်နိုင်သည်။ ထို့ကြောင့် တွဲစပ်သင့်သော သက်ဆိုင်ရာစကားလုံးအချင်းချင်း၊ ပုဒ်အချင်းချင်း နီးနီးကပ်ကပ် ထားရမည်။






နာမ်ကို အထူးပြုသောပုဒ်ကို ၎င်းနှင့်သက်ဆိုင်သည့် နာမ်၏ရှေ့တွင် ထားရသည်။

၁။ (က) **ပေ(၂၀) ရှည်သော** ကလေးများ ရေကူးရန် ကန်တစ်ကန်ကို အမြန်တူးနေသည်။
**[ကလေးများသည် ပေ (၂၀) ရှည်သည်။]**

(ခ) ကလေးများရေကူးရန်**ပေ(၂၀)ရှည်သော**ကန်တစ်ကန်ကို အမြန်တူးနေသည်။
**[ကန်သည် ပေ (၂၀) ရှည်သည်။]**

၂။ (က) **အမျိုးသမီး** တိရစ္ဆာန်ဥယျာဉ် တစ်ပတ်ပြေးပွဲကို ယနေ့ နံနက် (၇)နာရီတွင် ကျင်းပသည်။
**[အမျိုးသမီးတိရစ္ဆာန်များအတွက် ကျင်းပသော ဥယျာဉ်တစ်ပတ်ပြေးပွဲ။]**



(ခ) **တိရစ္ဆာန်ဥယျာဉ်တစ်ပတ်** အမျိုးသမီး ပြေးပွဲကို ယနေ့နံနက် (၇) နာရီတွင် ကျင်းပသည်။
**[အမျိုးသမီးများအတွက် ကျင်းပသော တိရစ္ဆာန်ဥယျာဉ် တစ်ပတ်ပြေးပွဲ။]**


၃။ (က) **ပေ (၃၀၀၀) မြင့်သော** ပန်းသီးပင်များ စိုက်ပျိုးရန် တောင်တန်းတစ်ခုကို သက်ဆိုင်ရာက ရှာဖွေနေသည်။
**[ပန်းသီးပင်များသည် ပေ (၃၀၀၀) မြင့်သည်။]**

(ခ) ပန်းသီးပင်များ စိုက်ပျိုးရန် **ပေ (၃၀၀၀) မြင့်သော** တောင်တန်းတစ်ခု ကိုသက်ဆိုင်ရာက ရှာဖွေနေသည်။
**[တောင်တန်းသည် ပေ (၃၀၀၀) မြင့်သည်။]**

၄။ (က) ကမ္ဘာတွင် **ပထမဦးဆုံးသော** အမြွှာညီအစ်ကိုနှစ်ဦး၏ လက်ဝှေ့ပွဲပင် ဖြစ်သည်။
**[ပထမဦးဆုံးသော အမြွှာညီအစ်ကိုဖြစ်သည်။]**

(ခ) ကမ္ဘာတွင် အမြွှာညီအစ်ကိုနှစ်ဦး၏ **ပထမဦးဆုံးသော** လက်ဝှေ့ပွဲပင် ဖြစ်သည်။
**[ပထမဦးဆုံးသော လက်ဝှေ့ပွဲဖြစ်သည်။]**

၅။ (က) **အုံ့မခန်း** တောင်တန်းပေါ်မှ မြန်မာ့ကျောက်စိမ်းများ
**[တောင်တန်းက အုံ့မခန်းဖွယ်ဖြစ်သည်။]**






(ခ) **တောင်တန်းပေါ်မှ** အုံ့မခန်း မြန်မာ့ကျောက်စိမ်းများ
**[မြန်မာ့ကျောက်စိမ်းများက အုံ့မခန်းဖွယ်ဖြစ်သည်။]**





၆။ (က) မောင်ဘသည် ငါးကြော်တစ်ကောင်ကို **ကြောင်အိမ်ထဲက** အစ်ကိုကြီးအား ပေးသည်။
**[အစ်ကိုကြီးက ကြောင်အိမ်ထဲမှာရှိသည်။]**



(ခ) မောင်ဘသည် အစ်ကိုကြီးအား **ကြောင်အိမ်ထဲက** ငါးကြော်တစ်ကောင်ကို ပေးသည်။
**[ငါးကြော်က ကြောင်အိမ်ထဲမှာ ရှိသည်။]**

# ဗြိတိန်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ စတင်

**လန်ဒန် ဇူလိုင် ၄**

ဗြိတိန်နိုင်ငံရှိ သန်းပေါင်းများစွာသော ပြည်သူများသည် ဇူလိုင် ၄ ရက်တွင် မဲပေးမှုများ စတင်ပြုလုပ်နေကြပြီဖြစ်သည်။ ဒေသစံတော်ချိန် နံနက် ၇ နာရီမှ စတင်ကာ တိုင်းပြည်တစ်ဝန်း မဲရုံပေါင်း ၄၀၀၀၀ ဝန်းကျင်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မဲဆန္ဒနယ်ပေါင်း ၆၅၀ မှ မဲဆန္ဒရှင်များသည် အောက်လွှတ်တော်အတွက် ကိုယ်စားလှယ်များကို ရွေးချယ်ပေးရမည်ဖြစ်သည်။ ပါတီတစ်ခုသည် အဓိကအနိုင်ရရှိရန် အနည်းဆုံးနေရာ ၃၂၆ ခုတွင် အနိုင်ရရှိရမည်ဖြစ်ပြီး ချားလ်ဘုရင် ၃ က အစိုးရဖွဲ့ရန်တောင်းဆိုရမည်ဖြစ်သည်။

ရွေးကောက်ပွဲအကြို သဘောထားကောက်ခံမှုများအရ အဓိကအတိုက်ခံပါတီဖြစ်သည့် လေဘာပါတီသည် ကွန်ဆာဗေးတစ်ပါတီအပေါ် ၂၀ ပွိုင့်အသာစီး ရရှိလျက်ရှိသည်။ ကွန်ဆာဗေးတစ်ပါတီသည် ၁၄ နှစ်ကြာ အာဏာရရှိခဲ့သည့်ပါတီလည်းဖြစ်သည်။

မဲရုံများပိတ်သည့် ည ၁၀ နာရီ ဝန်းကျင်တွင် မဲစတင်ရေတွက်မှုများ ပြုလုပ်မည်ဖြစ်ပြီး ရလဒ်အများစုကိုမူ ဇူလိုင် ၅ ရက်မှ သိရမည်ဖြစ်သည်။ ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်သည် အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဟု မေ ၂၂ ရက်တွင် ကြေညာခဲ့သည်။ ပါလီမန်ကို မေ ၃၀ ရက်တွင် ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။

ဆင်ဟွာ




လေဘာပါတီခေါင်းဆောင် ကီရာစတာမာနှင့် ဇနီးဖြစ်သူ ဗစ်တိုးရီးယားတို့ လာရောက်မဲပေးသည်ကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံတောင်ပိုင်း၌ စံချိန်တင်ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ ၁၈၀ ရှိခဲ့

**ဆော်ပိုလို ဇူလိုင် ၄**

ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်းဒေးဒိုဆိုလ် ပြည်နယ်၌ ရက်သတ္တပတ် များစွာကြာ ရေလွှမ်းမှုကြောင့် သေဆုံးသူ ၁၈၀ ထက်မနည်းရှိခဲ့ပြီး ၃၂ ဦး ပျောက်ဆုံးနေဆဲ ဖြစ်သည်ဟု ပြည်သူ့ကာကွယ်ရေး အေဂျင်စီက ဇူလိုင် ၃ ရက်တွင် ပြောသည်။

ဧပြီ ၂၉ ရက်မှ စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှု ဖြစ်ပေါ်ခဲ့ပြီး ရက်အတန်ကြာ မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ပြည်နယ်တစ်လွှား မြို့များတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။



ဇွန်လလယ်ပိုင်းမှ စတင်ကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ခဲ့သည်။ ပြင်းထန်သည့် ရာသီဥတုကြောင့် မြို့ပေါင်း ၄၇၈ မြို့မှ လူပေါင်း ၂၃၉၈၂၅၅ ဦး ထိခိုက်ခဲ့ရသည်ဟု အေဂျင်စီ၏ အစီရင်ခံစာအရ သိရသည်။

ရီယိုဂရန်းဒေးဒိုဆိုလ် ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ဘရာဇီးအစိုးရက ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄ ဘီလီယံ ခွဲဝေချထားပေးခဲ့သည်ဟု လူထုဆက်သွယ်ရေးအတွင်းရေးမှူးဖြစ်သူ ပေါလိုမီမန်တာက ပြောသည်။ ရီယိုဂရန်းဒေးဒိုဆိုလ် ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကလုပ်ဆောင်သည့် ပြည်နယ်ဖြစ်ပြီး သဘာဝဘေးကြောင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများ စံချိန်တင်ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ လူနေအိမ်တစ်လုံး မီးလောင်ပြီး ကလေးသုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**မနီလာ ဇူလိုင် ၄**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အီလွိုင်လိုပြည်နယ် မာဆင်မြို့ရှိ လူနေအိမ်တစ်လုံး၌ ဇူလိုင် ၃ ရက် ညတွင် မီးလောင်ခဲ့ပြီးနောက် အသက်တစ်နှစ်၊ လေးနှစ်နှင့် ငါးနှစ်ကလေးသုံးဦးသေဆုံးခဲ့ကာ အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်သမားတစ်ဦးက ဇူလိုင် ၄ ရက်က ပြောကြားခဲ့သည်။

ကလေးမိဘများသည် အသုဘတစ်ခုသို့သွားချိန်တွင် ကလေးငါးဦးကို အိမ်၌ ထားခဲ့ချိန်၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုသည် ဇူလိုင် ၃ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်။

အသက် ၈ နှစ်နှင့် ၁၂ နှစ်ကလေးများသည် မီးလောင်ဒဏ်ရာများရရှိခဲ့ကြပြီး ဒေသန္တရဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။ မီးသတ်သမားများသည် ခြင်ပြေးစေရန် မီးလောင်မှုဖြစ်ပွားခဲ့သည့် အိမ်အနီးနား၌ မီးပုံကြီးဖိုပြီး မီးရှို့ခဲ့ခြင်းကို အပြစ်တင်ခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံကျေးလက်များတွင် ခြင်ပြေးစေရန် ထိုသို့ မကြာခဏ လုပ်ဆောင်လေ့ရှိကြသည်။ မီးပုံမီးမှတစ်ဆင့် မီးကူးစက်ပြီး အိမ်မီးလောင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ



# ဖိလစ်ပိုင်တောင်ပိုင်း လေဆိပ်တစ်ခုတွင် ဗုံးပြက်လုံး လုပ်ခဲ့သည့် ဩစတြေးလျနိုင်ငံသား တစ်ဦးကို ဖမ်းဆီး

**မနီလာ ဇူလိုင် ၄**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘွန်ဂါပြည်နယ်ရှိ လေဆိပ်တစ်ခု၌ စစ်ဆေးခံယူမှုလုပ်ငန်းစဉ်အတွင်း ဗုံးဖောက်ခွဲမည်ဟု ဟာသလုပ်ပြောဆိုမှုဖြင့် ဩစတြေးလျနိုင်ငံသားတစ်ဦးကို ဖိလစ်ပိုင်ရဲများက ဖမ်းဆီးခဲ့ကြောင်း ပြည်တွင်းသတင်းတစ်ခုတွင် ဇူလိုင် ၄ ရက်က ဖော်ပြခဲ့သည်။

အသက် ၆၉ နှစ်အရွယ် ဩစတြေးလျနိုင်ငံသား တစ်ဦးသည် ဒီပိုလော့မြို့ရှိလေဆိပ်လုံခြုံရေးအရာရှိတစ်ဦးအား မိမိသည် ဗုံးတစ်လုံးကို သယ်ဆောင်လာခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ၎င်းကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

လေဆိပ် လုံခြုံရေးအေးဂျင့်က အဆိုပါအမျိုးသားအား ၎င်း၏ အိတ်တွင် လျှပ်စစ်ပစ္စည်းများ ပါသလားဟုမေးရာ ၎င်းက လျှပ်စစ်ပစ္စည်းတော့ မပါပါ၊ ဒါပေမယ့် အဏုမြူဗုံးတော့ပါသည်ဟု အရွှန်းဖောက် ပြောကြားခဲ့ရာ လေဆိပ်လုံခြုံရေး အေးဂျင့်အား မနှစ်မြို့ဖွယ်ဖြစ်စေခဲ့သည်။

အာဏာပိုင်များက ၎င်းကို ဖမ်းဆီးခဲ့သော်လည်း ၎င်း၏ အိတ်အတွင်း မည်သည့်ဗုံးမှ တွေ့ရှိခဲ့ခြင်းမရှိပေ။ သို့သော် ယခုအခါတွင် အဆိုပါ ဩစတြေးလျနိုင်ငံသားမှာ ဗုံးဆန့်ကျင်ပြက်လုံးဥပဒေကို ချိုးဖောက်မှုဖြင့် တရားစွဲဆိုခံနေရကြောင်း သိရသည်။

ဗုံးပြက်လုံးများကို ဖိလစ်ပိုင်နိုင်ငံတွင် တင်းကြပ်စွာ တားမြစ်ထားသည်။ ဖိလစ်ပိုင်နိုင်ငံ၏ မည်သည့်လေဆိပ်၊ မည်သည့်လေယာဉ်ပေါ်တွင်မဆို ဗုံး၊ ဖောက်ခွဲရေးပစ္စည်း သို့မဟုတ် အကြမ်းဖက်ပစ္စည်း တစ်ခုခုနှင့် ပတ်သက်၍ ပြက်လုံးလုပ်ခြင်းကို လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဝန်ထမ်းများက ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



# ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အပူလှိုင်းဖြတ်နေခြင်းကြောင့် အပူလျှပ်ခြင်းအတွက် သတိပေးထား

**တိုကျို ဇူလိုင် ၄**

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဇူလိုင် ၄ ရက်က အပူချိန်ပြင်းထန်လျက်ရှိပြီး ရှီဇူအိုကာမြို့တွင် အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်ရှိသည်။ ပြည်သူများ အပူလျှပ်ခြင်းမှ ကြိုတင်ကာကွယ်ထားကြရန် မိုးလေဝသ အရာရှိများက တိုက်တွန်းထားသည်။

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အင်အားပြင်းထန်သည့် လေဖိအားနည်းရပ်ဝန်းကြောင့် ပစိဖိတ်ခြမ်းတွင်အပူချိန်များ မြင့်တက်လာကြောင်း မိုးလေဝသအေဂျင်စီကပြောသည်။ တိုကျိုအလယ်ပိုင်းတွင်လည်း ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အပူချိန် ၃၅ ဒီဂရီသို့ ရောက်ရှိခဲ့သည်။ ယခုနှစ်အတွင်း အပူချိန်များ ရုတ်တရက်မြင့်မားလာသည့်အတွက် လူအများအပြား အထူးသဖြင့် သက်ကြီးရွယ်အိုများမှာ အပူလျှပ်ခြင်းကြောင့် ဆေးရုံတင်ထားရပြီး အချို့မှာသေဆုံးသွားကြသည်ဟု အေဂျင်စီမှ တာဝန်ရှိသူများက ပြောသည်။

အပူလျှပ်ခြင်းအန္တရာယ်ကိုသတိပြုကြရန် ပြည်သူများကို တိုက်တွန်းထားသည်။ နေအိမ်အပြင်ဘက်တွင် ပြင်းထန်စွာ အားကစားလုပ်ခြင်းကို ရှောင်ရှားရန်လည်း သတိပေးထားသည်။ ရေဓာတ်ပြည့်ဝအောင်နေထိုင်ပြီး လေအေးပေးစက်အသုံးပြုရန် ပြည်သူများကိုတိုက်တွန်းထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဘားအံ၌ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ်သန်း ၅၉၀၀ ဖြင့် Hyper Market( အဆင့်မြင့်ဈေး)တည်ဆောက်



ဘားအံ ဇူလိုင် ၄

**ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ်သန်း ၅၉၀၀ ဖြင့် ဆိုင်ခန်းပေါင်း ၁၆၄ ခန်းပါဝင်သည့် Hyper Market( အဆင့်မြင့်ဈေး)ကို တည်ဆောက်သွားမည်ဖြစ်ရာ ဇူလိုင် ၄ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ရွှေယဉ်မျှော်ဘုရားအနီးရှိ အဆိုပါဈေးသစ်တည်ဆောက်မည့်မြေနေရာ၌ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ကျင်းပသည်။**

အဆိုပါ ဈေးသစ်ကြီးကို Kayin State Development (Public) ကုမ္ပဏီလီမိတက်၏ ဦးဆောင်မှုဖြင့် အောင်ငွေဖူး ကုမ္ပဏီလီမိတက်က မြေဧရိယာ ၃ ဒသမ ၆၄၂ ဧကပေါ်တွင် (ပေ ၂၀ x ၅၀) RC နှစ်ထပ် အဆင့်မြင့် လူနေဆိုင်ခန်း ၁၀ လုံး၊ (ပေ ၃၀ x ၅၀) RC နှစ်ထပ် အဆင့်မြင့် လူနေဆိုင်ခန်းတစ်လုံး၊ (ပေ ၁၀၀ x ၁၀၀) x RC လေးထပ် Hyper Market (အဆင့်မြင့်ဈေး) အဆောက်အဦများကို တာဝန်ယူ တည်ဆောက်သွားမည် ဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ ဈေးဆိုင်ခန်းများကို ဦးရာလူစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များက မင်္ဂလာအချိန်တွင် ပန္နက်တော်များကို ရိုက်သွင်း၍ (ယာပုံ) အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် Hyper Market (အဆင့်မြင့်ဈေး)တည်ဆောက်ရေးစီမံကိန်း တာဝန်ခံ KSD Co.,Ltd (ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီ)ဥက္ကဋ္ဌ ဦးအောင်သန်းက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒါရိုက်တာ ဦးရန်ပိုင်မြင့်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းဝင် အဆောက်အဦများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေအထောက်အပံ့ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) Orientation ခန်းမ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အာဆီယံနှင့်ပတ်သက်ပြီး လူကိုယ်တိုင်ပါဝင်တက်ရောက်သည့် အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ရမည့် ဒုတိယအကြိမ် အစည်းအဝေးလည်းဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် အာဆီယံနိုင်ငံများရှိစာကြည့်တိုက်များနှင့် မော်ကွန်းတိုက်များမှ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေကြသည့် ပညာရှင်များ၏ နည်းပညာများနှင့် အတွေ့အကြုံများကို လက်ဆင့်ကမ်းဝေမျှသွားမည်ဖြစ်သည့်အတွက် မတူကွဲပြားသည့် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာရပ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးပညာရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ၊ အတွေ့အကြုံများ၊ နည်းပညာများ ဖလှယ်ခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများတွင် ပါဝင်သော အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆောင်ရွက်ရမည့်လုပ်ငန်းအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် တော်ဝင်နဂါးရောဂါရှာဖွေရေး စင်တာတို့ပူးပေါင်း၍ လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဆောင်ရွက်ပေးသည်။



အဆိုပါအဖွဲ့သည် လူမှုဖူလုံရေးအကျိုးဝင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသမှု၊ ဓာတ်ခွဲစစ်ဆေးမှု၊ နှလုံးအတွက် ECG စစ်ဆေးခြင်းများအပါအဝင် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် လူမှုဖူလုံရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီးသုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၆ခန်း၊ သားဖွား မီးယပ် ပြင်ပလူနာကုသမှု ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၅ ခန်း၊ မီးဖွားဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသောစာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၅ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်းလေးခန်း၊ စာချုပ်ဆေးခန်း လေးခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု ဆောင်ရွက်သည့် စာချုပ်ဆေးခန်း သုံးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိပြီး ၂၀၂၄ ခုနှစ်အတွင်း ဒုတိယအကြိမ် စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျိုးဝင်အလုပ်ဌာန ၃၃၄ ဌာနမှ အာမခံအလုပ်သမား ၁၄၅၀၈ ဦးတို့ကို ဩဂုတ် ၆ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ်၌ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ပျော်ဘွယ် ဇူလိုင် ၄**

ပျော်ဘွယ်မြို့နယ် သန်းခေါင်စာရင်းကော်မတီကဦးဆောင်၍ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက မိုးနံကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်က သန်းခေါင်စာရင်းကောက်ယူသူများ လာရောက်မေးမြန်းဆွေးနွေးချက်များကို ကြည်ဖြူစွာပြန်လည်ဖြေကြားပေးနိုင်ရေး၊ အချက်အလက်များမှန်ကန်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးဆောင်က သန်းခေါင်စာရင်းကောက်ယူမည့် နေ့ရက်၊ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သန်းခေါင်စာရင်းကောက်ယူရေး အသိညာပေးလက်ကမ်းစာစောင်များကို ကျေးရွာပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**



# ၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ၃၄ ရာခိုင်နှုန်းကျဆင်း

**နေပြည်တော် ဇူလိုင် ၄**

အိန္ဒိယသမ္မတနိုင်ငံ၌ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူနှင့်ဆန်ကွဲများ ပြည်ပသို့တင်ပို့မှု တားမြစ်ပိတ်ပင်လိုက်ပြီး ပေါင်းဆန်များအပေါ်တွင်လည်း အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံလိုက်ပြီးနောက် လက်ရှိဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၃၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုပမာဏ တန်ချိန် ၃၀၀၀၀၀ ခန့်၊ ရာခိုင်နှုန်းအားဖြင့် ၇၈ ရာခိုင်နှုန်း၊ ဆန်ကွဲတန် ၃၀၀၀၀၀၊ ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်းနှင့် ပေါင်းဆန်တန် ၁၅၀၀၀၀ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပြည်တွင်း၌ ကြက်နှင့် တိရစ္ဆာန်အစာများအတွက် လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆန်ကွဲတင်ပို့မှုအား ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရန်နှင့် အယ်လ်နီညိုကြောင့် မိုးရွာသွန်းမှုကို ထိခိုက်ခဲ့ပြီး အကျိုးဆက်အနေဖြင့် ဆန်အထွက်နှုန်း ကျဆင်းခဲ့ခြင်းကြောင့် တောင်သူများအား သင့်လျော်သည့်ဈေးနှုန်းဖြင့် ခွင့်ပြုနေပြီး တစ်ဖက်တွင်လည်း စားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်မှုမှ ကာကွယ်နိုင်ရန်အလို့ငှာ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုအပေါ် တားမြစ်မှုအား ယခင်နှစ် ဇူလိုင်လက ကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံခဲ့ပြီး ဘာစမာတီဆန်အတွက် ပုံသေကြမ်းခင်းဈေးနှုန်းအား ယခင်နှစ်က သတ်မှတ်ခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ် လွဲမှားစွာတင်ပို့မှုများမှ ကာကွယ်ရန်အတွက် ယမန်နှစ် ဩဂုတ်လက ဘာစမာတီ ဆန်တင်ပို့မှုအတွက် အနိမ့်ဆုံးဈေးနှုန်းကို တစ်တန်လျှင် ၁၂၀၀ ဒေါ်လာသတ်မှတ်ခဲ့ပြီး အောက်တိုဘာလတွင် တစ်တန်ကို ဒေါ်လာ ၉၅၀ အထိ ကျဆင်းသွားခဲ့သည်။ ဧပြီလမှ ဇွန်လအထိ တင်ပို့မှုမှာ ၁၆ ရာခိုင်နှုန်း မြင့်တက်လာပြီး တန်ချိန် ၁ ဒသမ ၁ သန်းအထိရှိခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂၁ ဒသမ ၈ သန်း တင်ပို့ခဲ့ပြီး ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတန်ချိန် ၂ ဒသမ ၃၆ သန်း၊ ဆန်ကွဲတန် ၅၄၅၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၇ ဒသမ ၅၇ သန်း စုစုပေါင်း ဆန်တန်ချိန် ၁၅ ဒသမ ၇ သန်းကိုတင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး ဆန်ထုတ်လုပ်သည့်နိုင်ငံဖြစ်ကာ ဆန်တင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှု မပြုလုပ်မီအချိန်အထိ ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင် အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့် ပါဝင်လျက် ကမ္ဘာပေါ်တွင် ဆန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တင်ဒါခေါ်ယူမှုတွင် ဆန်တင်ပို့သူများအား ပါဝင်ဆောင်ရွက်ခွင့်မပြုခြင်းနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအနေဖြင့် လူအများ၏တုံ့ပြန်မှုများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါတားဆီးပိတ်ပင်မှုများအား အဆုံးသတ်သင့်ကြောင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား အသိပေးဆောင်ရွက်သင့်သည်ဟု ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံတွင် အမေရိကန်နိုင်ငံမှ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် စားနပ်ရိက္ခာဖူလုံရန် လိုအပ်ချက်ရှိနေသည့် နိုင်ငံအချို့သို့ တားမြစ်ထားသောဆန်များ၏ ပမာဏအချို့ကို အစိုးရအချင်းချင်း သဘောတူညီမှုဖြင့်တင်ပို့ရန် ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှု အစီအစဉ်အောက်မှ စားနပ်ရိက္ခာဝယ်ယူမှုများအတွက် ပို့ကုန်တင်ပို့မှု ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုပေးရန် ဂျီနီဗာမြို့၌ ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ပို့ကုန်တင်ပို့မှုကန့်သတ်ချက်များ ချမှတ်ခြင်းနှင့်စပ်လျဉ်းပြီး လုပ်သာကိုင်သာရှိလိုသည့်အတွက် ကနဦးတွင် (၁၂) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို လိုက်နာလိုခြင်းမရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ လိုက်နာဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းစားနပ်ရိက္ခာပြတ်လပ်မှု မဖြစ်စေရေးအတွက် ကြိုးစားခဲ့ခြင်းသာမဟုတ်ဘဲ ကမ္ဘာ့ဈေးကွက်တွင် ဆန်ပြတ်လပ်မှုဖြစ်မည်ကိုလည်း ပူပန်ခဲ့ခြင်းဖြစ်ပြီး အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် စားနပ်ရိက္ခာတင်သွင်းမှုများအပေါ် မှီခိုရမှုကိုဖြစ်စေခဲ့ကြောင်း နိုင်ငံတကာကုန်သွယ်ရေးမူဝါဒနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကျွမ်းကျင်ပညာရှင်က ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပရေးရာဝန်ကြီးဌာန၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ချီရေးဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြောရေးဆိုခွင့်ရှိသူများထံသို့ မေးခွန်းများ ပေးပို့ခဲ့သော်လည်း သတင်းစာရှင်းလင်းပွဲပြုလုပ်ချိန်တွင် ၎င်းတို့မှ ပြန်လည်ဖြေကြားခဲ့ခြင်းမရှိကြောင်းလည်း ဖော်ပြထားသည်။ ကုန်သွယ်ရေး လုပ်ငန်းဆောင်ရွက်သူနေများနှင့် ဆန်တင်ပို့ရောင်းချသူများအသင်း အပါအဝင် အသင်းအဖွဲ့များအနေဖြင့် ဘာစမာတီဆန် မဟုတ်သော ဆန်ဖြူနှင့် ဆန်ကွဲတင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှုများအား ဖယ်ရှားပေးရန်နှင့် ပုံသေနှုန်းထားတစ်ခုဖြင့် အခွန်ကောက်ခံပြီး သဘော်တင်ပို့မှုများအား ခွင့်ပြုပေးသွားရန် အိန္ဒိယနိုင်ငံအစိုးရအား တိုက်တွန်းပြောကြားခဲ့ကြသည်။

ယခုနှစ်တွင် မိုးအလုံအလောက်ရွာသွန်းမည်ဟု ခန့်မှန်းထားပြီး အစိုးရ၏ လက်ကျန်ဆန်များလည်း ပိုလျှံလျက်ရှိခြင်းတို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ၎င်းတို့၏တင်ပြချက်အား လိုက်လျောပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ လက်ကျန်ဆန်လုံလောက်မှုနှင့် ရာသီဥတုကောင်းမွန်မှုတို့ကြောင့် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူနှင့်စပ်လျဉ်းပြီး မကြာမီကာလအတွင်း အပြောင်းအလဲများဖြစ်လာနိုင်မည်ဟု မျှော်မှန်းထားကြသည်။ ဆန်သည် သုံးလသက်တမ်းရှိသော သီးနှံတစ်မျိုးဖြစ်ပြီး နိုဝင်ဘာလတွင် ဆန်အသစ်များ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ရာ မကြာမီဈေးနှုန်းတည်ငြိမ်လာနိုင်ကြောင်း၊ အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိသော်လည်း ဆန်မှာ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေခြင်းတွင် များစွာပါဝင်မှုမရှိပါကြောင်း၊ အများပြည်သူသို့ ဖြန့်ဝေမှုစနစ်အောက်တွင် ပြည်သူများ အထူးသဖြင့် အလယ်အလတ်နှင့် အထက်တန်းအဆင့်မှ ပြည်သူလူထုများ စားသုံးလျက်ရှိသည့် ဆန်အမယ်ဖြစ်သည့်အတွက် အဆိုပါဆန်ကြောင့် ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါကြောင်း ဆန်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ B. V. Krishna Rao က ပြောကြားခဲ့သည်။

အိန္ဒိယစားနပ်ရိက္ခာလုပ်ငန်း၏ ဂိုဒေါင်များ၌ ဆန်များဖြင့် ပြည့်လျက်ရှိပြီး နိုဝင်ဘာလတွင် ဆန်အသစ်များ ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ သီးနှံအသစ်များ ထားသိုရန်အတွက် ဂိုဒေါင်များတွင် နေရာလွတ်မရှိပါက တောင်သူလယ်သမားများအား အနည်းဆုံးပံ့ပိုးမှုဈေးဖြင့် ပံ့ပိုးပေးနိုင်မည်မဟုတ်ကြောင်း၊ အစိုးရမှ တားမြစ်ကန့်သတ်ချက်များအား ဖယ်ရှားပေးပြီး အခွန်နှုန်းထားတစ်ခုဖြင့် ဆန်တင်ပို့မှုအား ခွင့်ပြုပေးလိုက်ပါက ဆန်စက်ပိုင်ရှင်များအနေဖြင့် စပါးများအား ဝယ်ယူကြိတ်ခွဲပြီး တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များသည် အိန္ဒိယစားနပ်ရိက္ခာလုပ်ငန်းသို့ ဝင်ရောက်လျက်ရှိသော အခြားဆန်အမယ်များကိုပင် ဝယ်ယူပြီး အာဖရိကကဲ့သို့သောနိုင်ငံများသို့ တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ အများပြည်သူဖြန့်ဝေမှုစနစ်အောက်တွင် ရောင်းချသည့် အိန္ဒိယမှ ဆန်မျိုးများအား ဆန်တစ်ကီလိုလျှင် ရူပီး ၃၀ ထက် ပိုမပေးနိုင်သည့် အာဖရိကတိုက်ရှိ နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဖော်ပြပါရှိပါသည်။

စီးပွား/ကူးသန်း

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက် တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Khin Khin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမှတ် (၁၆/၃) ရပ်ကွက်နေ ခင်စန်းတင့်(ခ)အမွန်အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ “မာနမိုး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ် (၃)ရပ်ကွက်နေ ခင်မို့မို့လွင်(ခ)မိုးမိုးအား မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ “Tun Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုလင်းကျေးရွာနေ သိန်းသန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့်လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရှိရသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း သတင်းရရှိမှု ၄၃ ကြိမ်ရရှိခဲ့ပြီး သတင်းမှားရှစ်ကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၃၃ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၆၁ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သော ကုန်ပစ္စည်း ၇၀ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅ ဒသမ ၅၀ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန်လအတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိ ပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၁၀၉၅ ဒသမ ၅၀ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၁၉ ဒသမ ၁ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများက သတင်းပေးဆုကြေးငွေကျပ် ၁၈၈ ဒသမ ၁၆၄ သန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လအတွင်း မြန်မြန်ဆန်ဆန် ချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍လည်း လစဉ်သတင်း ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တို တယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo @ gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးမှု လက်တွေ့ပြသ



**မော်လမြိုင်ကျွန်း ဇူလိုင် ၄**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သစ်တိုဆိပ်ကျေးရွာ ကွင်းအမှတ် (၁၁၈၁/ ၁၆၄၀)၊ ဦးပိုင်အမှတ် (၂၂/၈) ရှိ တောင်သူ ဦးမင်းမင်းသိန်း၏ လယ်မြေ၌ ဇူလိုင် ၂ ရက်က မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ပြုလုပ်သည်။

ဆက်လက်၍ မျိုးစေ့ချကိရိယာဖြင့် ဝိုင်အက်စ်အာ-၁ (YSR-1) စပါးမျိုးကို စိုက်ပျိုးသည်။ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် ကြဲခင်းလျော့နည်းပပျောက်ရေး၊ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှု သက်သာစေခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ရေကို ပိုမိုအကျိုးရှိစွာအသုံးပြုနိုင်ခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှုကို စောစီးစွာ ရရှိစေခြင်းအပြင် စနစ်တကျ အတန်းလိုက် စနစ်ဖြစ်သဖြင့် လေဝင်လေထွက်ကောင်းပြီး စပါးအထွက်တိုးကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးချစ်နှင့် တောင်သူလယ်သမားများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ပေါင်းတည်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှု လက်တွေ့ပြသ

**ပေါင်းတည် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအုပ်စုစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီက ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာ ကွင်းအမှတ်(၁၀၉၃)ရှိ တောင်သူဦးမင်းကို၏ မိုးစပါးစိုက်ခင်းနှင့် တောင်သူ ဦးစိန်ထွန်း၏ မိုးစပါးစိုက်ခင်းများတွင် မိုးစပါးများ ပျိုးထောင်၍ တိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့ထားသော လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှု လက်တွေ့ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြသည်။(ဝဲပုံ)



အဆိုပါ သရုပ်ပြသပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာ ဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူများအား လက်တွေ့သရုပ်ပြသကာ စိုက်ပျိုးရေးအသိပညာပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## အထူးကုဆရာဝန်များအဖွဲ့ အခမဲ့ ခွဲစိတ်ကုသမှုပေး

**ရန်ကုန် ဇူလိုင် ၄**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာထွန်းငွေဦးဆောင်သော အထူးကုဆရာဝန် သုံးဦး၊ မေ့ဆေးဆရာဝန် တစ်ဦး၊ သူနာပြုငါးဦးနှင့် အထောက်အကူပြုဆရာဝန် ၁၁ ဦး ပါဝင်သောအဖွဲ့သည် ဇွန် ၂၅ ရက်မှ ဇူလိုင် ၄ ရက်အထိ ပဲခူးတိုင်းဒေသကြီး ခုတင် ၅၀ ဆံ့ သင်ကြားရေးဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ခုနစ်ဦး စုစုပေါင်း ၁၃ ဦးတို့ကို အခမဲ့ ခွဲစိတ်ကုသမှုပေးခဲ့ကြကြောင်း သိရသည်။

မြန်မာ့အလင်း

## ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်

**နေပြည်တော် ဇူလိုင် ၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၈၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် (၁၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်း မြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❒ *ကျောဖုံးမှ*

မြဝတီအသင်းကို ငါးဂိုးပြတ်၊ အား/ကာသိပ္ပံအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရခိုင်ယူနိုက်တက်နှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေ၊ Dagon Port အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေ၊ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ ဂိုးမရှိသရေ၊ ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ရှမ်းယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းသာ အနိုင်ရပြီး ကျန်လေးပွဲစလုံး သရေကျခဲ့သည်။

ပွဲစဉ် (၅) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ၁၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက လေးပွဲကစား ၁၀ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ငါးပွဲကစား ကိုးမှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ငါးပွဲကစား ရှစ်မှတ်၊ Junior Lions အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရတနာပုံအသင်းက လေးပွဲကစား ခုနစ်မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲကစား ခြောက်မှတ်၊ Dagon Port အသင်းက လေးပွဲကစား ငါးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ငါးပွဲကစား ငါးမှတ်၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းက ငါးပွဲကစား သုံးမှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းက လေးပွဲကစား တစ်မှတ်စီ ရရှိထားသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

❍ *ကျောဖုံးမှ*

အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း ပထမပိုင်းမှာပင် ချေပဂိုးပြန်ပေးခဲ့ရခြင်းဖြစ်သည်။ တတိယလုပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဩစတြေးလျအသင်းသည် အာဆီယံယူ-၁၆ ပြိုင်ပွဲတွင် တတိယအကြိမ် ဗိုလ်စွဲခြင်းဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်အသင်းရရှိထားသည့် ချန်ပီယံဆုအရေအတွက်ကို လိုက်မီခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ရဲရင့်လွင်၊ ဓာတ်ပုံ-AFC

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိ၊ လူနေအိမ်အချို့နှင့် မူလတန်း(လွန်)ကျောင်းဆောင်တစ်ခုပျက်စီး




အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လူနေအိမ်အချို့နှင့် မူလတန်း(လွန်)ကျောင်းဆောင်တစ်ခုပျက်စီးခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၄**

အကြမ်းဖက် သောင်းကျန်းသူများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် ရပ်ကွက်(၁) နယ်မြေ (၃) အတွင်းသို့လည်းကောင်း၊ ရပ်ကွက် (၁၀) နီလာလမ်းပေါ်သို့လည်းကောင်း၊ ရပ်ကွက် (၅)၊ နယ်မြေ(၁) ရှိ ပန်အုပ်ဘုန်းကြီးကျောင်းဝင်းအတွင်းသို့လည်းကောင်း၊ ရပ်ကွက်(၄)၊ နယ်မြေ(၃)အတွင်းသို့ လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက်(၁၂) နှစ်နှင့် (၁၄)နှစ်အရွယ် ကလေးသုံးဦး အပါအဝင်အပြစ်မဲ့ဒေသခံပြည်သူခုနစ်ဦး သေဆုံးပြီး ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ်၂၀ ခန့်တွင် ရပ်ကွက် (၉) နယ်မြေ (၃) စိန်ပန်းလမ်းရှိ လူနေအိမ်များပေါ်သို့လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် ရပ်ကွက်(၉) နယ်မြေ (၁) စံပယ်လမ်းရှိ လူနေအိမ်များပေါ်သို့လည်းကောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၉) နယ်မြေ(၁) ကြံတိုင်းအောင် လမ်းပေါ်ရှိ လူနေအိမ်များပေါ်သို့လည်းကောင်း ရှော့တိုက်ဒုံးများ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ စုစုပေါင်း သုံးဦး သေဆုံးခဲ့ကာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း နှစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါ ဒဏ်ရာရရှိသူများအား လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် နံနက် ၁၁ နာရီခန့်တွင် ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ လားရှိုးမြို့ ရပ်ကွက်(၉) နယ်မြေ (၂) အတွင်းရှိ အမှတ် (၁၅) အခြေခံပညာမူလတန်း(လွန်) ကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ဆောင်များ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် လားရှိုးမြို့ရှိ လူနေရပ်ကွက်များအတွင်းသို့ ဇူလိုင် ၃ ရက်မှစ၍ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယနေ့အထိ အပြစ်မဲ့ပြည်သူ အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးငယ် သုံးဦး အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့ပြီး ပြည်သူအချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။




အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများ ဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့၊ ရွာများရှိ ဘာသာရေးအဆောက်အဦများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာ အဆောက်အဦများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက် သောင်းကျန်းသူများ၏ လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ခိုးမှု သုံးမှုနှင့် ခိုးမှု(မသင်္ကာ) နှစ်မှု ကျူးလွန်သူတရားခံ အမျိုးသားလေးဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

၂၀၂၄ ခုနှစ် ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၇)ရပ်ကွက် ဇမ္ဗူသီရိလမ်း အိမ်အမှတ်(၇၆၄)နေ ဦးဒွန်ထက်ရှိန်၏ နေအိမ်အိပ်ခန်းအတွင်းရှိ ခရီးဆောင်အိတ်အတွင်း ထည့်ထားသည့် ရွှေတုံးနှစ်တုံးနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၃၁ မျိုး၊ မြန်မာကျပ်ငွေ ၈၁၈၀၅၅၀၀ တန်ဖိုးရှိ နိုင်ငံခြားသုံးငွေများ၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၉၈၁၅၉၀၀ ခန့် ခိုးယူခံထားရကြောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းတွင် (ပ)၃၀၇/၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်ခဲ့သဖြင့် တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးပြီး တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၅၈)ရပ်ကွက်နေ ငရဲ(ခ)ထက်ဦး(၂၉)နှစ် (ဘ)ဦးစိုးအား ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စွန်တနီးကျေးရွာအုပ်စု မြစ်မိန်းကျေးရွာတွင် ဇွန် ၁၄ ရက် ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ ပြည့်စုံ(ခ) ကုလား(၂၉)နှစ် (ဘ) ဦးဝင်းတင်အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂၆)ရပ်ကွက်ရှိ SKY KTV တွင် ဇွန် ၁၅ ရက် ည ၁၁ နာရီတွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့် ငရဲ(ခ)ထက်ဦးနှင့် ပြည့်စုံ(ခ)ကုလားတို့၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀၀ တန် ၁၈၈ ရွက်၊ တိုင်ချက်မပါ နိုင်ငံအချို့မှ ငွေအကြွေစေ့မျိုးစုံ ၃၂ စေ့၊ တန်ဖိုးငွေကျပ် ၆၉ သိန်းရှိ ရွှေထည်ပစ္စည်း မျိုးစုံ ခြောက်မျိုး၊ အမေရိကန်ဒေါ်လာများအား ရောင်းချရရှိငွေများအနက်မှ ကျန်ရှိသည့် မြန်မာကျပ်ငွေ ၂၃၅ သိန်း၊ လက်ကိုင်ဖုန်းနှစ်လုံးတို့အား ၎င်းတို့၏နေအိမ် အသီးသီးတွင် သိမ်းဆည်းရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများနှင့် ၎င်းတို့၏ ခိုးရာပါသက်သေခံပစ္စည်းများအား ထုခွဲရောင်းချပေးသူ ဖမ်းဆီးရန်ကျန် တရားခံ ထွန်းထွန်းလင်း (စိစစ်ဆဲ) မှ ယူဆောင်ထွက်ပြေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံများအား အခြားပြစ်မှုများကျူးလွန်ထားရှိမှု ရှိမရှိ အသေးစိတ် ဆက်လက်စစ်ဆေးရာ တရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ) ကုလားနှင့် ဟိန်းထက်ဇော်(ခ)အသေးလေးတို့ သုံးဦးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် အမှတ်(၇၈)ရပ်ကွက် အိမ်အမှတ်(၆၄၀)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၁၉၇ သိန်းအား ခိုးယူခဲ့ကြောင်း၊ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ) ကုလားနှင့် ချစ်ကို(ခ)လက်ပွားတို့ သုံးဦးသည် သာကေတမြို့နယ် (၆/အနောက်) ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း အိမ်အမှတ် (၁၉၃/ခ)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၉၅၃၅၃၀၀ အား ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြစ်မှုကျူးလွန်၍ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်ကြသည့် ဟိန်းထက်ဇော်(ခ)အသေးလေးနှင့် ချစ်ကို (ခ) လက်ပွားတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၀)ရပ်ကွက်နေ ဟိန်းထက်ဇော် (ခ)အသေးလေး(၂၃)နှစ် (ဘ)ဦးဇော်ဝင်းနှင့် ဒလမြို့နယ် တံတားကျောင်းကျေးရွာနေ ချစ်ကို (ခ)လက်ပွား (၂၂)နှစ် (ဘ) ဦးဖိုးချိုတို့အား ၎င်းတို့၏နေအိမ် အသီးသီးတွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမှုနှစ်မှုမှ သက်သေခံပစ္စည်း တန်ဖိုးငွေကျပ် ၂၆ဝ သိန်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅ ကျပ်သား ၁၁ ပဲအား ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလား၊ ချစ်ကို(ခ)လက်ပွားနှင့် ဟိန်းထက်ဇော် (ခ) အသေးလေးတို့ လေးဦးအား ဆက်လက်စစ်ဆေးရာ ၎င်းတို့လေးဦးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၇)ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ Vivo အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်း တစ်လုံး ခိုးယူခဲ့ပြီး ဧပြီလအတွင်းတွင် အဆိုပါရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ လက်ကိုင်ဖုန်းမျိုးစုံ သုံးလုံး ခိုးယူခဲ့ကြောင်း ထပ်မံဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့လေးဦးအား အမှုတစ်ခုချင်းစီအတွက် အမှုအသီးသီး ထပ်မံဖွင့်လှစ်ခဲ့သည်။

ဖြစ်စဉ်တွင် ခိုးမှု သုံးမှု၊ ခိုးမှု(မသင်္ကာ) နှစ်မှုတို့အား ဖော်ထုတ်နိုင်ခဲ့ပြီး အမှုများမှ ဖမ်းဆီးရမိတရားခံ ငရဲ (ခ) ထက်ဦးပါ လေးဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကာ သက်သေခံရွှေထည်ပစ္စည်း၊ ငွေကြေးများနှင့် အတူ ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန် တရားခံ ထွန်းထွန်းလင်းအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ဆောင်ရွက်သွားမည့် ရေလမ်းကြောင်းတူးဖော်မည့်ဧရိယာ Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄၃.၅၇ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၅.၄၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၂.၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၂.၄၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၁၅.၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၃.၁၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၇.၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၆.၃၈ စက္ကန့်နှင့် Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၅၃.၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၈.၁၂ စက္ကန့်၊ ရာသီဥတုဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များဖြစ်သော No.1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၂၁.၂၀၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၀၅.၇၄၂၀ စက္ကန့်၊ No.2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၅.၄၆၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၀.၇၇၇၉ စက္ကန့်၊ No.3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃.၉၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၃၆.၆၇၈၃ စက္ကန့်နှင့် No.4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃.၈၉၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၅၈.၆၄၈၃ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁) ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၈.၈၁၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၀.၈၃၈၁ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၃.၁၈၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၃၉.၆၃၂၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၅.၁၆၀၁ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉.၁၅၆၁ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၇.၄၀၀၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉.၀၁၂၈ စက္ကန့်၊ အရေးပေါ် အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၂)ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၈.၉၉၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄.၇၆၆၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၂.၈၆၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄.၈၁၀၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၄.၂၁၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁.၆၀၁၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၉.၀၉၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁.၄၆၁၉ စက္ကန့်နှင့် မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များဖြစ်သော Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၄၉.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ် ၅၁.၃၉ စက္ကန့် တို့အတွင်းတွင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND ရေယာဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်လုပ်ငန်းခွင်ဧရိယာမှ (၅၀၀)မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ်ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ ၂၅၀ မီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ရော်ဘာပင်ကြား ရိုဘတ်စတာကော်ဖီ စိုက်ပျိုး

**အုတ်တွင်း ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ငွေးတောက်ခင်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာတွင် ရော်ဘာပင်ကြား ရိုဘတ်စတာကော်ဖီများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများက လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရိုဘတ်စတာကော်ဖီ စိုက်ပျိုးခြင်းအား အရည်အသွေးကောင်းသော ကော်ဖီထုတ်လုပ်ရေး သိပ္ပံနည်းကျစိုက်နည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေးနှင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိစေရန်အတွက် တိုင်းဒေသကြီးဝန်ကြီးများက မှာကြားသည်။

အုတ်တွင်းမြို့နယ် အတွင်း ရော်ဘာပင်ကြား ရိုဘတ်စတာကော်ဖီစိုက်ဧက ၁၀ ဧက စိုက်ပျိုးထားရှိမှုအခြေအနေကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင့်ဆွေ၊ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးတင်ဦး၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်၊ ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အုတ်တွင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**





## ပဲခူးမြို့နယ်အတွင်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ပဲခူး ဇူလိုင် ၄**

ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ပဲခူးမြို့နယ်အတွင်း ဒုတိယအကြိမ် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဥသျှောမြို့သစ် (၆)ရပ်ကွက် ကျိုက်ပွန်လေးမျက်နှာဘုရားအနောက်ဘက်မုခ် မြေကွက်လပ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ သစ်ပင်များစိုက်ပျိုးရန်အတွက် ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များ ပေးအပ်ခဲ့သည်။

ထို့နောက် ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပဲခူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်သူ ရပ်ကွက်သားများက စုစုပေါင်း သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၅၀၉ ပင်အား စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သက်ထက်**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၄ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၅၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၉၀ ကျပ် | ၂၈၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၂၀၃ | ၁၈၁၇၇၀၀ |
| MTSH | ၃၄၀၀ | ၃၄၅၀ | ၆၈၂၇ | ၂၃၂၂၃၀၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၂၆ | ၁၀၃၃၂၀၀ |
| FPB | ၁၆၅၀ | ၁၇၅၀ | ၁၆၅၅ | ၂၇၅၄၂၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၃၅၇ | ၉၇၈၉၀၀ |
| EFR | ၁၈၅၀ | ၁၈၀၀ | ၂၀၈၉ | ၃၇၈၁၁၅၀ |
| AHPC | ၄၅၀၀ | ၄၇၀၀ | ၂၈ | ၁၂၆၄၀၀ |
| MAEPC | ၃၇၅၀ | ၃၇၀၀ | ၁၀၃၀ | ၃၈၂၂၁၅၀ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နာမည်/နေရပ်ကွက် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၂၅၃။ | ကွယ်လွန်သူ ဦးလှတင်အားရည်စူး၍ ဒေါ်သိန်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၂၅၄။ | သုခမ္မမဏိဇေတဝန ဦးမြင့်စိုးထွန်းနှင့်ဇနီး ဒေါ်ချိုချိုသင်း၊ (သမီး)မချိုသဥ္ဇာစိုးမိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၂၅၅။ | ဦးစိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၂၅၆။ | ဦးကျော်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၂၅၇။ | ကွယ်လွန်သူ ဦးသောင်းထွဋ်အားရည်စူး၍ ဇနီး ဒေါ်စိုးစိုး (သား)မောင်ကောင်းဆက်၊ မောင်ကောင်းမြတ် မိသားစုကောင်းမှု | ၃၁၂၅၀၀ |
| ၉၂၅၈။ | ဖခင်ကြီး ဦးမြင့်ဆွေနှင့် မိခင် ဒေါ်တင်တင်တို့၏မွေးနေ့ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၉၂၅၉။ | ကွယ်လွန်သူ ဦးတင်မောင်အေးအားရည်စူး၍ ဒေါ်စမ်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၂၆၀။ | ဆံတော်ဝိုင်းကျောင်းဆရာတော် ဦးဇောတိကကောင်းမှု | ၁၅၀၀၀၀ |
| ၉၂၆၁။ | ဒေါက်တာပိုင်ခန့်မိသားစုကောင်းမှု | ၁၁၅၀၀၀ |
| ၉၂၆၂။ | ဒေါ်ခင်လှတင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၂၆၃။ | ဦးထွန်းအေးနှင့်ဇနီး ဒေါ်နိုင်နှင်းဖြူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၂၆၄။ | ဦးသန်းဌေးနှင့်ဇနီး ဒေါ်အမာမြင့်၊ (သား)ကိုဇင်မင်း၊ ကိုဟိန်းထက်၊ (သမီး) မချစ်စုမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၅။ | ဦးဟိန်းထက်နှင့်ဇနီး ဒေါ်နီလာသန်း၊ (သမီး)မအေးပြည့်ပိုင်၊ (သား)မောင်ထက်နိုင်ထူး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၆။ | ဦးဇင်မင်းနှင့်ဇနီး ဒေါ်စုလှဲ့မြင့်၊ (သား)မောင်ဉာဏ်ရဲထက် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၇။ | ဦးစိုးလင်းနှင့်ဇနီး ဒေါ်စုစုနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၈။ | ဦးအောင်သန်းထွန်းနှင့်ဇနီး ဒေါ်အေးမမပိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၉။ | ဦးစိန်လွင်နှင့် ဒေါ်တင်တင်သန့်တို့အားအမှူးထား၍ (သား) ကိုထင်အောင်လွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၀။ | ကွယ်လွန်သူ ဗိုလ်မှူးကြီးသန်းအေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၁။ | ကွယ်လွန်သူ ဗိုလ်မှူးအောင်သိန်း(ငြိမ်း)အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၂။ | ဗိုလ်ကြီးပြည့်လျှံဦးနှင့်ဇနီး ဒေါ်ရွှေရည်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၃။ | ဦးအောင်ဆန်းဝင်းနှင့် ဒေါ်မြင့်အေး မလှဲ့ဝင်း၊ မောင်ချမ်းငြိမ်းရွှေနှင့်ဇနီး မဇင်ဇင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၄။ | ဦးခင်ဇော်နှင့်ဇနီး ဒေါ်ယုယုခိုင်၊ (သမီး)မခင်သွန်းဝတီဇော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၅။ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ သား၊ သမီး၊ မြေးများဖြစ်ကြသော ဦးမိုးမြင့်နှင့်ဇနီး ဒေါ်သင်းသင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၆။ | ကွယ်လွန်သူ ဒေါ်အေးအေးသန်းအားရည်စူး၍ ဦးဝင်းမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၇။ | ဦးဝဏ္ဏကျော်ထင်၊ ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်နီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၈။ | ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၉။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသန်းလင်းနှင့်ဇနီး ဒေါ်ခင်ထွေးရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၀။ | ကွယ်လွန်သူများဖြစ်ကြသော ဦးစိုးရနှင့် ဒေါ်ညွန့်ရီ၊ ဒေါ်ကျင်နွဲ့တို့အားရည်စူး၍ ညီမဖြစ်သူ မခင်စန်းနွဲ့ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၁။ | ကွယ်လွန်သူ ဦးခင်မောင်ဝင်းအားရည်စူး၍ ဒေါ်ခင်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၂။ | ဒေါ်ခင်မြမြဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၃။ | ဦးဝင်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၄။ | ကိုအောင်ကျော်စိုးနှင့်ဇနီး မဆွေဆွေအောင် မိသားစု ကောင်းမှု | ၆၈၀၀၀ |
| ၉၂၈၅။ | ဦးသိန်းတန်နှင့်ဇနီး ဒေါ်ခင်မေဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၆။ | ဦးမိုးကျော်အောင်နှင့်ဇနီး ဒေါ်တိုးတိုးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၇။ | ဦးရဲထွဋ်နှင့်ဇနီး ဒေါ်ညိုညိုအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၈။ | ဦးမြို့ဖေနှင့်ဇနီး ဒေါ်စန်းမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၉။ | ကွယ်လွန်သူ ဦးတင်မောင်နိုင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၀။ | ဒေါ်သန်းတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၁။ | ဦးရဲလင်းထိုက်နှင့်ဇနီး ဒေါ်ဖြူစင်ဝင်း၊ (သမီး) မခင်သော်တာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၂။ | ဦးဇေယျပြုံးနှင့်ဇနီး မအေးခမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၃။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်ညိမ်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၄။ | ဦးကျော်နိုင်ထွန်းနှင့်ဒေါ်ယုဇနစိုး၊ ဦးတင်ထွန်းအောင်နှင့် ဒေါ်ပြုံးပြုံးခိုင်စိုး၊ ဦးသန်းဇော်နှင့် ဒေါ်ထွန်းမြ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၅။ | ကိုသန်းစိုးဝင်းနှင့်ဇနီး မယဉ်ယဉ်မော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၆။ | ဦးစောသန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၇။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၈။ | ဦးဇော်ဝင်းထွေးနှင့်ဇနီး ဒေါ်စန်းစန်းကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၉။ | ဒေါ်ခင်သောင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၀။ | ဦးမောင်ညိုနှင့်ဇနီး ဒေါ်ပြုံးပြုံးဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၁။ | ကိုမင်းချမ်းမွန်နှင့်ဇနီး မနိုင်ဇင်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၂။ | ဒေါ်စန်းစန်းသော်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၃။ | ဒေါ်မြင့်မြင့်အေး၊ (သား) မောင်ဇော်မြင့်နိုင်၊ မောင်ကျော်မြင့်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၄။ | ဦးလင်းမြတ်နှင့် လုပ်သားများကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၅။ | ကွယ်လွန်သူ ဦးမောင်စိန်နှင့် ဒေါ်ရွှရင်တို့အားရည်စူး၍ ဒေါ်မီမီစန်းနှင့် မောင်နှမများကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၆။ | ဒေါ်လှလှမြိုင်၊ (မြေး)မောင်အောင်ထွဋ်မြတ် မိသားစု ကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **" ဝါဆိုမိုး "** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

<u>(၅-၇-၂၀၂၄) ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ " ဝါဆိုမိုး " တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၃)ပုဒ်</u>

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးငွေ့လေချို | ပြင်ပအဆိုရှင် |
| ၂။ | မိုးတွေရွာတိုင်းမျက်ရည်ဝိုင်း | ပြင်ပအဆိုရှင် |
| ၃။ | ဗုံကြီးသံ | တူယှဉ်ရွှဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | မပြိုသည့်မိုး | တူယှဉ်ရွှဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ရာမည့မြေကဝါဆိုမိုး | ပြင်ပအဆိုရှင် |
| ၆။ | ကသစ်ပန်း | ပြင်ပအဆိုရှင် |
| ၇။ | ချစ်မိုးရွှေ | ပြင်ပအဆိုရှင် |
| ၈။ | မိုးရွာမယ်ဆိုရင်လေ | ပြင်ပအဆိုရှင် |
| ၉။ | ရွာပါမိုး | ဌာနအဆိုရှင် |
| ၁၀။ | တိမ်လွှာမို့မို့လွင် | တူယှဉ်ရွှဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၁။ | မေမြို့မိုး | ပြင်ပအဆိုရှင် |
| ၁၂။ | မိုးဒေဝါသို့ပန်ကြားခြင်း | ပြင်ပအဆိုရှင် |
| ၁၃။ | အလွမ်းဒဏ်ရာ | ပြင်ပအဆိုရှင် |

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သမန်းကျင်းကျေးရွာအုပ်စု၊ ကျွဲခြံကျေးရွာနေ (ဘ) ဦးစန်းမောင်၏သား မောင်ကျော်မိုးခိုင် ၈/စလန(နိုင်)၁၇၂၃၃၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MG 266381 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅ ၂၉၃ ၆၇၁

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အ-ထ-က (ဘာဘူကုန်း)ကျောင်း Grade-9 မှ မောင်ရိုဆန်ကူမာရ် ၏ ဖခင်အမည်မှန်မှာ ဦးပရာဒီးကူမာရ် ၇/ကတခ(နိုင်)၀၉၉၂၆၆ ဖြစ်ပါကြောင်း။

**ဦးပရာဒီးကူမာရ်**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက် အ.ထ.က-၃ Grade-12 မှ မသူဇာ၏ ဖခင် ဦးမောင်ဝင်း ၏ အမည်မှန်မှာ ဦးမင်းဦး(ခ)ဦးကရနား MME-644625 ဖြစ်ပါကြောင်း။

**ဦးမင်းဦး(ခ)ဦးကရနား**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၄၇၅၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးနေထက်လင်း ၁၀/မလမ(နိုင်) ၃၀၄၉၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၆၃၀၃၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်)၀၉၈၆၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၆၉၅၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိခင်ဆွေဝင်း ၁၀/မဒန(နိုင်)၁၉၄၃၅၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၈၉၁၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာလင်း ၁၀/ကမရ(နိုင်) ၁၁၉၅၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၈၅၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းရွှေ ဖုန်း ၃/ကကရ (နိုင်) ၀၈၇၇၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၉၆၇၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဘ ၁၀/မဒန(နိုင်) ၀၈၇၀၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၈၀၀၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထက်ဦး ၁၀/မလမ(နိုင်) ၂၈၈၂၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၅၈၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မောင်လွင် ၁၀/ကထန(နိုင်) ၀၈၁၀၀၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/10353 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၁၀/ခဆန(နိုင်)၀၉၉၅၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊စစ်တွေမြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် ပြည်နယ် ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)များ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

Lot – 1 (က) Blower House(လေပေးခန်း) (၁၅'x၁၀'x၁၀') — စစ်တွေမြို့

(ခ) မျိုးဖောက်ဆောင် (၄၀'x၃၀'x၁၂') — ״

(ဂ) ပိုးသတ်ကန်(၆)လုံး(၉၆'x၅၀') အကြီးစား ပြန်လည်မွမ်းမံခြင်း — ״

Lot – 2 (က) ပင်မသားဖောက်ဆောင်(၉၀'x၇၀'x၁၂') စစ်တွေမြို့

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါ သည်-

(က) **တင်ဒါတင်သွင်းမည့်နေရာ** - ရခိုင်ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနရုံး

(ခ) **တင်ဒါပုံစံစတင် ဝယ်ယူရန်/အချိန်** - ၅-၇-၂၀၂၄ရက် နံနက်၁၀နာရီ

(ဂ) **တင်ဒါတင်သွင်း နောက်ဆုံးရက်** - ၁၉-၇-၂၀၂၄ရက် ညနေ ၄နာရီ

၃။ အသေးစိတ်အချက်အလက်များအား ရခိုင်ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနရုံးတွင်စုံစမ်းနိုင်ပြီး အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ် မေးမြန်းနိုင်ပါသည်။ ဖုန်း-၀၉-၆၆၁၄၀၃၀၈၆၊ ၀၉-၄၂၁၇၁၄၀၂၄

**တင်ဒါကော်မတီ**
**ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 37W/79028 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကျောက်ရပ်ကျေးရွာ၊ အလက (ကျောက်ရပ်) Grade-1 မှ မောင်ဘုန်းခန့်အောင်၊ Grade-2 မှ မောင်ခန့်ရှိုင်းအောင်တို့၏ ဖခင် ဦးအောင်နိုင်ထွန်း၏ အမည်မှန်မှာ ဦးသက်နိုင်စိုး ၆/ထဝန(နိုင်)၁၃၅၇၀၂ ဖြစ်ပါကြောင်း။

**ဦးသက်နိုင်စိုး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၆) အိုးလုပ်ပြင်ကွင်း၊ မြေကွက်အမှတ်(၁၉)၊ မြေဧရိယာ ၁ ဒသမ ၀၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၂၇၆/ ၂၀၀၀-၂၀၀၁ အရ ဦးတင်နိုင်၊ ဦးခင်မောင်ဆွေ အမည်ဖြင့်ရရှိခဲ့ပြီး ၎င်းဧရိယာအနက်မှ (က) အမှတ်ပြမြေဧရိယာ ၀ ဒသမ ၇၂ ဧကရှိ မြေကွက်အား မူလဂရန်အမည်ပေါက်သူတို့၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးသန့်ဇော်ဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၂၅/၂၀၂၃) ဖြင့် ဦးဒိုင်းမန်းဆန်၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်သူဇာစိုးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (ခွဲစိတ်/အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဒိုင်းမန်းဆန် ၁၂/ကမရ(နိုင်)၀၅၉၇၉၅မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ စစ်ကဲလမ်း၊ အမှတ် (၅၀၁)နေ ဦးဇာနည်ထွန်း ၇/ပမန(နိုင်)၀၉၄၁၉၂နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း ၁၂/ဒဂန(နိုင်) ၀၂၁၉၈၆ တို့သည် ၂၀-၄-၂၀၂၃ရက်တွင် မဆုမြတ်သွယ်အား အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်ကို ပြည်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် -၀၆၂/၂၀၂၃ ဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခဲ့ပါသည်။ ထို့ကြောင့် အဆိုပါ မှတ်ပုံတင်စာချုပ်ချုပ်ဆို ပြီးသည်မှစ၍ မဆုမြတ်သွယ်သည် ကျွန်တော် ဦးဇာနည်ထွန်း၊ ကျွန်မ ဒေါ်ကြည်ကြည်ဝင်းတို့၏ ၁၉၃၉ ခုနှစ်၊ ကိတ္တိမသား သမီးမွေးစားခြင်းအက်ဥပဒေပုဒ်မ -၅ (၂) အရ ကိတ္တိမသမီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည်ထွန်း-ဒေါ်ကြည်ကြည်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ သစ်(၃)လမ်း၊ အမှတ်(၁၃၁)၊ စတုတ္ထထပ်၊ ငါးလွှာ၊ ခြေရင်းခန်းတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးထွန်းထွန်းဝင်း ၁၂/ကမရ (နိုင်) ၀၅၃၆၅၇၊ ဒေါ်အိအိလှိုင် ၇/ဇကန(နိုင်)၀၆၁၅၆၅တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ထက် ၁၂/ဒဂမ(နိုင်)၀၁၄၅၁၈က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူ ရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)
**ဒေါ်ခင်စောသိန်း(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## အမည်ပြောင်း

ဦးသော်ဇင်ဦး၏သား၊ ထားဝယ်မြို့၊ အထက (၁)၊ Grade-4 မှ မောင်ဟန်တေဇအား မောင်ခန့်မင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်မင်းထက်**

## အမည်ပြောင်း

ဦးသော်ဇင်ဦး၏သမီး၊ ထားဝယ်မြို့၊ အထက(၁) Grade-3 မှ မခွန်းဆုသာအား မမဒီစံ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမဒီစံ**

## မိခင်အမည်မှန်

